www.burmeseclassic.com

ပုညာရာမ မိုးကုတ် ဝိပဿနာ ကျောင်းတိုက်
ပဓာနနာယက ဆရာတော်

အရှင်ပုညာနန္ဒ
(ဗဟုဇနဟိတဓရ)

# နိဗ္ဗာန်နဲ့ထိုက်တဲ့ စင်ကြယ်တဲ့ကုသိုလ်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



# ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းချုပ်

ပုညာရာမဆရာတော် အရှင်ပုညာနန္ဒအလောင်းလျာကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရှမ်းကန်ကျေးရွာ၌ ခမည်းတော် ဦးဘိုးလှ၊ မယ်တော် ဒေါ်ခင်စီတို့က ကောဇာသက္ကရာဇ် ၁၃၂၁-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁) ရက်၊ ၁၇-၉-၁၉၅၉ ခုနှစ်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်မြင့်ဇော် ဖြစ်၍ မောင်နှမ (၇) ယောက်တို့တွင် သားဦးရတနာဖြစ်ပါသည်။

အရှင်ပုညာနန္ဒ အလောင်းလျာသည် ခေတ်ပညာကို ရှမ်းကန်ကျေးရွာ၌လည်းကောင်း၊ ကဝမြို့နယ်၊ မကြက်ကြီးကျေးရွာ၌လည်းကောင်း၊ ရန်ကုန်မြို့ တာမွေအမှတ် (၁)အထက်တန်းကျောင်း၌လည်းကောင်း အသီးသီး ဆည်းပူးသင်ယူ အောင်မြင်ခဲ့၍ တပ်မတော် (လေ) ၌ ၁၂-နှစ်ကြာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီး လုပ်သားကောလိပ်၌တတိယနှစ်အထိ ပညာသင်ယူခဲ့ပါသည်။

ဆရာတော် အလောင်းလျာသည် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော်တရားများ အမှတ် (၁) စာအုပ်ကို ဖတ်ရှုရာမှ သံဝေဂ ရရှိမှု၊ ကျေးဇူးတော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ၊ ကျေးဇူးရှင်ဇနိတာရာမဆရာတော်ဘုရား၏ လမ်းညွှန်မှုများဖြင့် ၁၃၅၃-ခုနှစ်၊ ကဆုန်လပြည့် စနေနေ့ (၂၇-၄-၁၉၉၁) ရက်နေ့ နံနက် (၈:၄၅) နာရီ အချိန်တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဇနိတာရာမကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇနိတာလင်္ကာရအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။


ပရိယတ္တိ၊ ပဋိပတ္တိ အလုပ်များကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဇနိတာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း၊ ရွှေဥမင်တောရ ဆရာတော်ဘုရားကြီးထံ၌လည်းကောင်း၊ တောင်စွန်း ဓမ္မဒူတဆရာတော် ဘဒ္ဒန္တပညာဇောတ (အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝိသိဋ္ဌဒီပ ဘာဏကနှင့် သီရိပဝရဓမ္မာစရိယ)၊ မုဒုံမြို့ ကျောက်တစ်လုံးတောရဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (ပဋ္ဌာနိကာယပိဋကတ္တယပါဠိပါရဂူ)၊ တောင်စွန်းဓမ္မဒူတ တောရကျောင်း ဘဒ္ဒန္တပညိဿရ (ဓမ္မာစရိယ)၊ မော်ဘီ ဓမ္မဒူတဇေတဝန်တောရ ဘဒ္ဒန္တဆေကိန္ဒ (ဓမ္မာစရိယ) တို့ထံ၌ ပါဠိစာပေကျမ်းဂန်များကို သင်ယူဆည်းပူးခဲ့ပါသည်။

ဆရာတော်သည် ဝိပဿနာတရားစခန်းများကို ဒေသအသီးသီးနှင့် ပြည်တွင်း ပြည်ပနိုင်ငံများသို့ လှည့်လည်ဟောပြော ပြသနေစဉ် (၂၂.၁၀.၂၀၀၉) ရက်နေ့တွင် အိန္ဒိယနိုင်ငံ၊ ပတ္တနားမြို့၌ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီဖြစ်ပါသည်။

ဆရာတော် ပျံလွန်တော်မူပြီးသည့်နောက်ပိုင်း ဆရာတော်၏ သာသနာပြု လုပ်ငန်းများကို ခမည်းတော် ဘဒ္ဒန္တဝိစာရနှင့် တပည့်ယောဂီအပေါင်းတို့မှ ဆက်လက် တာဝန်ယူဆောင်ရွက်နေပြီး လစဉ် (၁၀) ရက် တရားစခန်းနှင့် ဝါတွင်း ရက်(၁၀၀) တရားစခန်းများကိုလည်း ပုံမှန် ဖွင့်လှစ်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

# အရှင်ပုညာနန္ဒ

(ဗဟုဇနဟိတဓရ)

## စင်ကြယ်တဲ့ကုသိုလ် နိဗ္ဗာန်နဲ့ ထိုက်တန်သည်

တရားတော်

www.burmeseclassic.com

www.burmeseclassic.com

## “ နမောပြန်ဘုရားရှိခိုး ”

( နမောတဿ ယတော မဟိမတော ယဿ တမောန )[၃]

ယတောမဟိမတော - အကြင်ဒါနပါရမီ သီလပါရမီ နိက္ခမပါရမီ ပညာ ပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ အဓိဋ္ဌာနပါရမီ မေတ္တာ ပါရမီ ဥပေက္ခာပါရမီတည်းဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ် များကျယ် အညီ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုး သိဒ္ဓိအစွမ်းကြောင့် ( ဝါ ) ဥစ္စာပစ္စည်းကိုစွန့်ခြင်း သမီးသားကိုစွန့်ခြင်း ဇနီးမယားကိုစွန့်ခြင်း အင်္ဂါကြီးငယ်ကိုစွန့်ခြင်း အသက်ကိုစွန့်ခြင်းတည်းဟူသော စွန့်ခြင်းကြီး ငါးပါးကို စွန့်ခြင်းတည်းဟူသော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သတ္တဝါ အပေါင်း၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဆွေမျိုးအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဘုရားအဖြစ်၏အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်းတည်း ဟူသော စရိယသုံးပါးကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) ဒေဝပုတ္တမာရ် ကိလေသမာရ် ခန္ဓမာရ် မစ္စုမာရ် အဘိသင်္ခါရမာရ်တည်း ဟူသော မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သုံးပါးဝိဇ္ဇာ ပု-ဒိ-အာနှင့် ဝိမာက္ကစွေ ဒိဋ္ဌထည့်လေငြား ရှစ်ပါးဝိဇ္ဇာတို့ကို သိမြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) မဟာပဓာန ဒုက္ကရ စရိယာကို ခန္ဓာတော်နွမ်း ပင်ပန်းကြီးစွာ ခြောက်နှစ်ကြာအောင် ကျင့်စွမ်း တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့်။

ယဿပုဒ္ဓဿ - တန်ခိုးရှင်သိဒ္ဓိရှင် အကြင်သစ္စာလေးပါး တရား သိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သန္တာန်တော်၌။

www.burmeseclassic.com

www.burmeseclassic.com



တမော - အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အမိုက်မှောင်သည်။

န - မကျန်မကြွင်း ပျက်ခြင်းမလှ ပျက်စီးရသဖြင့် အလျှဉ်းမျှပင် ရှိတော်မမူတော့ချေ။

တဿ ဗုဒ္ဓဿ - တန်ခိုးရှင်သိဒ္ဓိရှင် အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေသာတည်းဟူသော အမိုက်မှောင်ကင်းစင် ထိုသစ္စာ လေးပါးတရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။

မေ - သူတော် သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် ဘုရားတပည့် တော်သည်၊

နမော - မင်္ဂလာစရဏ လက်ဦးစ၍ ကြည်စွကော်ရော် ပူဇော်မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။

အတ္ထု - နေ့ညမစဲ အမြဲမကွာ မှန်စွာမသွေ ဖြစ်ပါပေ၏။

ဣမိနာ ဗုဒ္ဓ ပဏာမေန - ဤသို့ ဘုရားရှင်အား ရှိခိုးကြောင်း ဖြစ်သော ပဏာမကုသိုလ်စေတနာကြောင့်။

မေ - မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် ဘုရားတပည့်တော်၏။

ဝေါတုမှာကံ - မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင် ရန်မျှော် အသင်သူတော်စင် တရားနာပရိသတ်အပေါင်းတို့၏။

ယထိစ္ဆိတတ္ထော - အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သည့် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အထွေထွေသည်။

ယထဇ္ဈာသယံ - အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သည့် အတိုင်း။

သမိဇ္ဈတု - ထင်စွာမျက်မှောက် ဝင်လာရောက်၍ ဖြိုးမောက်လျှံညီး အံ့လောက်ချီးရအောင် ပြီးပြည့်စုံပါစေသတည်း။

( သာဓု . . . သာဓု . . . သာဓု )

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ဝင်ကြွယ်တဲ့ကုသိုလ် နိဗ္ဗာန်နဲ့ ထိုက်တန်သည် တရားတော်

သာသနာတော်နှစ် ၂၅၅၁ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၉ ခု တန်ခူးလဆန်း (၉) ရက်၊ ခရစ်နှစ် ၂၀၀၈ ခု ဧပြီလ ၁၄ ရက်၊ ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ ၉ ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီးအတွင်းမှာ ဆင်ယင်ကျင်းပ ပြုလုပ်သော (၄၄) ကြိမ်မြောက် မိုးကုတ်ဝိပဿနာ (၁၀)ရက်စခန်း၊ (၄) ရက် မြောက်နေ့ နံနက်ပိုင်း ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တွေကို အမှူးထားပြီး တရားဝင် တရားအားထုတ်ကြတဲ့ ယောဂီသူတော်စင်တွေ ကို ယနေ့ အရုဏ်ဆွမ်းတွေ၊ နေ့ဆွမ်းတွေ၊ ရေခဲမုန့်၊ အချိုပွဲပါ မကျန် အမွန်အမြတ်တွေကို စီမံပြီးတော့ တစ်နေ့တာလုံး တာဝန်ယူပြီး လှူဒါန်း ကြတဲ့ အလှူရှင်တွေကတော့ မကွေးမြို့မှာနေထိုင်ကြတဲ့ မိခင်ကြီး ဒေါ်ခင်ထွေး၊ သမီး မဝင်းဝင်းမော်၊ မသူဇာနွယ်၊ မသီဂီ၊ မနွယ်နီအောင်၊ သား-မောင်သတိုးအောင်၊ မောင်ကျော်သူရ "သမင်ငါးကောင်" မိသားစု တို့ကနေပြီးတော့ လှူဒါန်းကောင်းမှုကုသိုလ်ပြုသလို တရားမွေ့အားထုတ် တဲ့ သူတော်စင်တွေ ချမ်းချမ်းသာသာ တရားအားထုတ်နိုင်အောင် ယောဂီဆောင်တစ်ခန်းမှာလည်း သိန်းလေးဆယ် လှူဒါန်းခြင်း ကောင်းမှု ကုသိုလ်ပြုလုပ်ကြတဲ့အလှူပွဲမှာ ယနေ့ကစပြီး သက်ဆုံးတိုင် အပရ စေတနာတွေ တိုးပြီးတော့ ကုသိုလ်အပေါ်မှာ အားရကြည်နူးဝမ်းမြောက်

www.burmeseclassic.com

www.burmeseclassic.com



လို့ ဩော် . . . ငါတို့ ပြုသမျှ ကောင်းမှုကုသိုလ်တွေထဲမှာ အခုလို ပြုရတဲ့ ကုသိုလ်သည် အင်မတန်ကို မွန်မြတ်၊ အင်မတန်ကို စင်ကြယ်ပါလားလို့ ဘုရားရဲ့ အလိုတော်ကျ ပြုခွင့်ရတဲ့ ကုသိုလ်အပေါ်မှာ နှစ်သက်ကြည်နူး ဝမ်းမြောက်လို့ မဆုံးနိုင်အောင် ပီတိတွေဖုံးနိုင်ဖို့ ကျေးဇူးပြု ဟောကြား အပ်သော "စင်ကြယ်တဲ့ကုသိုလ် နိဗ္ဗာန်နဲ့ ထိုက်တန်သည်" တရားတော်။

'ဒီတရားတော်ကို မဟောကြ မနာကြာမီမှာ ယနေ့ လှူဒါန်းကြတဲ့ အလှူရှင်တွေက ကိုယ်ရဲ့ ကွယ်လွန်သွားခဲ့တဲ့ လွန်ခဲ့တဲ့ (၈) နှစ်ခန့်က အဖွားဒေါ်လေးရှိန်၊ လွန်ခဲ့တဲ့ (၉) နှစ်ခန့်က ရုပ် နာမ် နှစ်ပါးချုပ်ပျောက် သွားတဲ့ ကျေးဇူးရှင် ဖခင်ကြီး ဦးဆင့်တို့ကို ရည်စူးပြီးတော့လည်း ကုသိုလ်ရဲ့ဘာဂတွေကို အမျှပေးဝေဖို့ ကျေးဇူးပြုတဲ့ ပွဲလည်းဖြစ်တော့ မိမိတို့နဲ့အတူ တရားတွေကို လာရောက်နာယူပြီး ပေးဝေသမျှ အမျှတွေ ကိုလည်း အတူတူ သာဓုခေါ်ဆိုနိုင်အောင် ရှေ့ပိုင်းကနေပြီးတော့ အဖွားဒေါ်လေးရှိန်နဲ့ ဖခင်ကြီး ဦးဆင့်တို့ အစထားပြီး ကျွတ်တန်းဝင် ကြတဲ့ ပုဂ္ဂိုလ်တွေနဲ့ တရားနာလိုကြတဲ့ ပရိသတ်တွေကို ဖိတ်ကြားပြီးမှပဲ တရားကို ဟောမှာနာမှာဖြစ်တဲ့အတွက် လေးလေး စားစား အာရုံပြု ထားကြပါ'

( × × × × × × × × × × )

( သာဓု . . . သာဓု . . . သာဓု )

'ဖိတ်ကြားသင့် ဖိတ်ကြားထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ဖိတ်ကြားပြီးတဲ့ နောက်မှာ ကိုယ်ပြုတဲ့ကောင်းမှုကုသိုလ်ကိုလည်း ရည်စူးတဲ့ ပုဂ္ဂိုလ်တွေ အပေါ်မှာ အာရုံပြုပြီးတော့ အလေးအနက် ဝမ်းမြောက်ကြည်နူးပြီးတော့ အမျှအတန်းတွေ ပေးဝေနိုင်အောင်လည်း ကိုယ့်ကုသိုလ်ရဲ့စင်ကြယ်မှုကို အားရကြည်နူးစွာသိဖို့ ငါတို့ ယနေ့ရောက်လာပြီးတော့ လှူဒါန်းတဲ့ ကောင်းမှုကုသိုလ်ဟာ အနည်းငယ်လေးမှ ချို့ယွင်းချက်မရှိ အပြစ်ကင်းပြီး တော့ အင်မတန်စင်ကြယ်တဲ့ ကုသိုလ်ရယ် ဒီကုသိုလ်တရားတွေကို



ပြုတော့ ပြုခဲ့တယ်၊ သတိမထားရင် ဒီလိုစင်ကြယ်ဖို့ မလွယ်ပါလား၊ ကုသိုလ်မစင်ကြယ်ရင်လည်း နိဗ္ဗာန်ဆိုတာဟာ ဘယ်လောက်လှူလှူ ဘယ်လောက် ကုသိုလ်ပြုပြု မရနိုင်ပါလား၊ တကယ်ကုသိုလ်စင်ကြယ်မှ သာ တကယ်နိဗ္ဗာန်နဲ့ ထိုက်တန်ပါလားလို့ ကောင်းစွာသိနိုင်ဖို့ အသီးသီး သော အလှူရှင်အပေါင်းလည်း ကိုယ်သိထားတဲ့အလှူတွေအပေါ်မှာ ဒီလိုစင်ကြယ်တဲ့ ကုသိုလ်တွေကို ရအောင်ကြိုးစားမယ်ဆိုရင် ကိုယ် လိုလားပန်ဆင်အပ်တဲ့ နိဗ္ဗာန်အထိ ကိုယ့်အတွက် မရောက်ဘူးလား ရောက်မှာလား'

'ရောက်မှာပါဘုရား'

'ရောက်ချင် ရချင်ကြရင် ဘာစင်ကြယ်အောင်လုပ်မယ်'

'ကုသိုလ်စင်ကြယ်အောင် လုပ်ရမှာပါဘုရား'

'ကုသိုလ်ကိုစင်ကြယ်အောင်လုပ်ဖို့အတွက်ကလည်းပဲ ဘယ်လို သဘောထားတွေကို သိမှလဲဆိုတာကို သဘောပေါက်နိုင်ဖို့ ဒီတရားတော် ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဥဒ္ဒိယဆိုတဲ့ အမည်ရတဲ့ ပုရပိုက်၊ သူနဲ့တွေ့တဲ့အချိန်မှာ ဘုရားရှင်က လှည့်လည် တရားဟောတော့ ဒီပုရပိုက်ဟာလည်း ရှေးရှေးအတိတ်ဟောင်းတွေကလည်း ကောင်းခဲ့တဲ့ အတွက်ကြောင့်မို့လို့ ခန္ဓာကိုယ်ရွှံ့မုန်း တရားမမှုတွေကို အလိုရှိလို့ ရှာမယ်ဆိုပေမယ့် မိတ်ကောင်းဆွေကောင်း မတွေ့တဲ့အတွက် ပုရပိုက် ဖြစ်နေတာပါ၊ ဘုရားနဲ့တွေ့ပြီး တရားတွေကို နာလိုက်ရတဲ့အတွက် ကြောင့် အမြင်မှန် အသိမှန်တွေရပြီးတော့မှ ရှင်ရဟန်းပြုခွင့်တောင်းလို့ ရှင်ရဟန်းဘဝကိုရောက်တဲ့အခါမှာ "ဥဒ္ဒိယမထေရ်" လို့ ခေါ်ပါတယ်။

'သူက ဘုရားထံမှာ လျှောက်ထားတဲ့အနေအထား၊ ဘုရားက ပြန်ပြီးတော့ ဟောပေးတဲ့တရား၊ ဩော် . . . ငါတို့ ယနေ့ပြုတဲ့ ဒီသဘောတွေဟာ အကျုံးဝင်ပြီးပြည့်စုံပါလားလို့ အဖိုးတန်စွာသိပြီးတော့ အလှူရှင်တိုင်းကော၊ နောင်လှူမယ့်ပုဂ္ဂိုလ်တွေတိုင်းကော လှူဆဲ

www.burmeseclassic.com

www.burmeseclassic.com



လှူလတ္တံ့ ပုဂ္ဂိုလ်တွေကော၊ လှူပြီးတဲ့ပုဂ္ဂိုလ်တွေကော၊ ကိုယ်လှူမယ့် အလှူတွေအပေါ်မှာ စင်ကြယ်သထက် စင်ကြယ်အောင် စောင့်ရှောက်နိုင်ဖို့ မေးသွားတာတွေက အရှင်ဘုရားတဲ့ တပည့်တော်ဟာအခုအချိန်မှာ အရှင်ဘုရား ဟောကြားလို့ အမှန်တရားတွေကိုတော့ သိပါပြီဘုရား၊ အဲဒီသိမြင်တဲ့ အခိုက်အတန့်မှာ တပည့်တော်မှာ မြင့်မြတ်တဲ့ ရှင်ရဟန်းဘဝကိုရောက်ခဲ့ပါပြီ၊ ဒါကြောင့်မို့လို့ အရှင်ဘုရားကို တပည့်တော် လျှောက်ထားပါရစေဆိုပြီးတော့ . . .'

"သာဓုမေ ဘန္တေ ဘဂဝါ သံခိတ္တေန ဓမ္မံ ဒေသေတု"

'ဒီစကားရပ်လေး ဘုရားကိုလျှောက်ထားလိုက်တယ်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရား တပည့်တော်ကို လိုရင်းတိုရှင်း ဟောပေးပါဘုရား၊ အများကြီး သိပ်မဟောပါနဲ့ဘုရားတဲ့၊ တိုတိုကျဉ်းကျဉ်းလေးကို ဟောပေးပါဘုရား၊ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက "တေနဟိ ဥဒ္ဒိယ၊ ကုသလေသု ဓမ္မေသု အာဒိမေဝ ဝိသောဒေတိ"၊ ဒါလေး ဟောပေးလိုက်တယ်၊ ဘုရားရှင်ကို လျှောက်ထားတာက လိုရင်းတိုရှင်း ဟောပေးပါ၊ ဘုရားရှင်ကလည်း လိုရင်းတိုရှင်း ဟောပေးလိုက်တယ်၊ "တေနဟိ ဥဒ္ဒိယ၊ ကုသလေသု ဓမ္မေသု အာဒိမေဝ ဝိသောဒေတိ"၊ တေနဟိ - ဒီလိုဆိုရင်၊ ဥဒ္ဒိယ - ချစ်သားဥဒ္ဒိယ၊ ကုသလေသု - ကုသိုလ်ဖြစ်ကုန်သော၊ ဓမ္မေသု-တရားတို့၌ အာဒိမေဝ - အစကိုသာလျှင်၊ ဝိသောဒေတိ-စင်ကြယ်အောင်လုပ်၊ ဒီတရားစခန်းလေးဟာ အလွန်ကိုလည်း မြင့်မြတ်တယ်၊ အဖိုးလည်းတန်တယ်၊ အကာကင်းမဲ့လို့ အနှစ်သက်သက်လို့ မှတ်ထားလိုက်ပါ၊ ယနေ့ မိမိတို့ ဒီတရားလေးကို နာရတဲ့အခါမှာ အကာကင်းတဲ့ အနှစ်သက်သက်၊ တန်ဖိုးမကြီးဘူးလား ကြီးမှာလား'

'ကြီးမှာပါဘုရား'



'ဘုရားရှင်ကို တောင်းတယ်၊ ဘုရားတပည့်တော်ကို လိုရင်းတိုရှင်း တရားဟောပေးပါ၊ ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်းပဲ ဟောပေးလိုက်တယ်၊ ချစ်သား ဥဒ္ဒိယ၊ ကုသိုလ်ရဲ့အစ စင်ကြယ်အောင်လုပ်လို့ ဒါလေးဟောပေးလိုက်တယ်၊ ယနေ့ သူတော်စင်များ အားလုံးသော တရားနာပရိသတ်တွေ ဒီ (၃) ချက်လေးကို သတိထားရင် ကိုယ်ပြုခဲ့တဲ့ ကုသိုလ်တွေလည်း များခဲ့ပြီ၊ ယနေ့လည်းပြုဆဲကုသိုလ်လေး၊ နောက်လည်း ကုသိုလ်တွေပြုရဦးမှာ၊ မစင်ကြယ်တဲ့ကုသိုလ်တွေ မှန်သမျှသည် နိဗ္ဗာန်နဲ့ မထိုက်တန်ဘူး၊ ကုသိုလ်စင်ကြယ်ရင် ဘာနဲ့ထိုက်တန်မယ်'

'နိဗ္ဗာန်နဲ့ ထိုက်တန်ပါတယ်ဘုရား'

'ဒါဖြင့် ကုသိုလ်ကို စင်ကြယ်ဖို့ဆိုတဲ့နေရာမှာ ဘုရားရှင်က လိုရင်းတိုရှင်းလေးကို ဟောပေးလိုက်တယ်၊ အင်မတန်ကိုလည်းပဲ တန်ဖိုးရှိတဲ့ အဆီအနှစ်တွေနဲ့ ပြည့်စုံနေတဲ့ စကားရပ်လေးဟာ အနည်းစုလေးပါ၊ အဲဒီအနည်းစုလေးက ဘာပြောသွားလဲမေးတော့ ကုသိုလ်အစ စင်ကြယ်အောင်လုပ်၊ ပြောလိုက်ပါ'

'ကုသိုလ်အစ စင်ကြယ်အောင်လုပ်ပါဘုရား'

'ကုသိုလ်အစ စင်ကြယ်အောင်လုပ်လို့ ဒီ (၃) ချက်သောစကားကို မိန့်လိုက်ပြီ၊ ဒါက တရားတစ်ပုဒ်အတွက်ကို ဘုရားရှင်က အတိုဆုံးကို သူက လျှောက်ထားတောင်းပန်ခဲ့တဲ့အတွက် အတိုဆုံးဟောပေးလိုက်တာ၊ အတိုဆုံးဟောပေးလိုက်တော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးဟောတဲ့ တရားအပေါ်မှာ ဥဒ္ဒိယမထေရ်ဟာ နားမလည်ရှာသေးဘူး၊ နားမလည်ရှာသေးတော့ သူ့ကုသိုလ်ကိုတော့ သဘောပေါက်တယ်၊ ကုသိုလ်အစ ဘာမှန်းမသိဘူး၊ ကုသိုလ်အစကို စင်ကြယ်အောင်လုပ်ဆိုတော့လည်း သိပ်မသိသေးဘူး၊ မသိရင် အမေးမရှိဘူးလား ရှိမလား'

'ရှိပါတယ်ဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'ယနေ့သူတော်စင်များလည်း ကိုယ်မသိရင်မေးမှ ဒီပြဿနာက ပြေလည်မှာ၊ မြဲစိစိနေနေရင်တော့ ရပ့်ါမလား'

'မရပါဘူးဘုရား'

'(၁၀)ရက်စခန်းလာဝင်တယ်၊ ရှုကွက်ကို သင်ပေးတယ်၊ ဘယ်လောက်ပဲ သင်ပေးသင်ပေး ကိုယ်ဘာမှ နားမလည်ဘဲ (၁၀) ရက်ကို အကျိုးမရှိ အချိန်တွေကုန်သွားမယ်ဆိုရင် အလကားဖြစ်သွားမှာပဲ၊ လာပြီးတော့ ဟောဒီမှာ တရားထိုင်တာ ခါးညောင်းတယ်၊ မိမိတို့ ခန္ဓာကိုယ် ညှင်းဆဲသလို ဖြစ်တယ်၊ ဘာမှမသိဘဲနဲ့ ထိုင်နေရင် အကျိုးများတဲ့အတွက်ကြောင့်မို့လို့ အလွန်ကို နစ်နာရမယ်၊ သူတော်စင်များအတွက်ကို စေတနာ မေတ္တာကြီးစွာနဲ့ မေးမှနားလည်မှာ၊ မေးမှကိုယ်မသိတာတွေ ပြေလည်သွားမှာ၊ အဲဒီလိုပြေလည်ပြီးမှ အားထုတ်မယ်ဆိုရင် ဒီတရား မရနိုင်ဘူးလား'

'ရနိုင်ပါတယ်ဘုရား'

'အခုလည်း ကုသိုလ်အစ စင်ကြယ်အောင်လုပ်ဆိုတော့ ဘာမှန်းမသိတဲ့အတွက်ကြောင့် မေးတော့မေးရမှာပဲ၊ ဒီတော့ ကုသိုလ်ဆိုတာ ဘာလဲ၊ ကုသိုလ်အစဆိုတာ ဘာလဲ၊ ကုသိုလ်အစ စင်ကြယ်အောင်လုပ်ဆိုတာ ဘာလဲ ဒီမေးခွန်း (၃) ခုထွက်လာလိမ့်မယ်၊ ကုသိုလ်ဆိုတာသည် အပြစ်မရှိ ကောင်းသောအကျိုးကိုပေးတယ်၊ ဘယ်လိုတဲ့တုန်း'

'အပြစ်မရှိ ကောင်းသောအကျိုးကိုပေးပါတယ်ဘုရား'

'ကောင်းသော အကျိုးကို ပေးတတ်တဲ့ အပြစ်လည်း မရှိရဘူး၊ အပြစ်မရှိ ကောင်းသောအကျိုးကိုပေးတာကို ဘာလို့ခေါ်'

'ကုသိုလ်လို့ခေါ်ပါတယ်ဘုရား'

'ကုသိုလ်သည် ယနေ့သူတော်စင်များ ပြုနေကြတဲ့ ဒါနတရားသည် ကုသိုလ်၊ ဟောဒီ ဒါနတရားသည် လှူဒါန်းပြီဆိုရင် အလောဘစေတနာ



လေး ကိုယ့်သန္တာန်မှာ မကိန်းဘူးလား'

'ကိန်းပါတယ်ဘုရား'

'ကုသိုလ်ကို ပုံဖော်နေပြီနော်၊ မိမိတို့ ကုသိုလ်ဆိုတာလေးက အခုဒါနပြုတာ၊ ဘာတုန်း ကုသိုလ်၊ အဲဒီကုသိုလ်အစ ဒါနကို ကိုယ်လှူတဲ့အခါမှာ လောဘလား အလောဘလား'

'အလောဘပါဘုရား'

'ဒီလောက်များလှတဲ့ ဥစ္စာပစ္စည်းတွေကို လှူဒါန်းလိုက်တယ်ဆိုတာ အဲဒီများလှတဲ့ ဥစ္စာပစ္စည်းတွေပေါ်မှာ တွယ်တာတပ်မက်တဲ့လောဘကို ဘာလုပ်တာတုန်း'

'ပယ်သတ်တာပါဘုရား'

'ပယ်သတ်ပြီးတော့မှ အလောဘခြံရံပြီးလှူလိုက်တာ၊ အဲဒီလို လှူလိုက်တဲ့အတွက်ကြောင့်မို့လို့ လောဘဆိုတဲ့ အညစ်အကြေးတွေ ကင်းမနေဘူးလား'

'ကင်းနေပါတယ်ဘုရား'

'အလောဘဆိုတဲ့ စင်ကြယ်တဲ့ကုသိုလ်တွေ တည်မသွားဘူးလား'

'တည်သွားပါတယ်'

'ကဲ . . . မိမိရဲ့သန္တာန်မှာ အဲဒီကုသိုလ်တွေသည် အလောဘသည် အပြစ်ကင်းတယ်၊ အဲဒီအလောဘလေး အပြစ်ကင်းပါတယ် ကုသိုလ်လုပ်လိုက်တယ်၊ ဒီလိုလုပ်ပြီးတော့မှ ဒီကုသိုလ်ကောင်းမှုကြောင့် လူချမ်းသာ အကြိမ်ကြိမ်၊ နတ်ချမ်းသာ အကြိမ်ကြိမ် တောင်းဆုတွေကို ခြွေလိုက်ပြီဆိုရင် လူချမ်းသာလိုချင်တာ ဘာတုန်း၊ တဏှာ၊ နတ်ချမ်းသာ လိုချင်တာ'

'တဏှာပါဘုရား'

'တဏှာဆိုတာ လောဘ၊ လောဘဆိုတာကုသိုလ်လား၊ အကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



လား'

'အကုသိုလ်ပါဘုရား'

'လှူတုန်းကတော့ ကုသိုလ်တွေက အပြစ်ကင်းပါတယ်၊ ဒါပေမယ့် လှူပြီး တောင်းလိုက်တဲ့ဆုကျတော့ အပြစ်ကင်းလား'

'မကင်းပါဘူးဘုရား'

'အပြစ်မကင်းတော့ဘူး၊ လောဘအုပ်ချုပ်သွားပြီ၊ အဲဒီတော့ ပစ္စုပ္ပန်မှာ ကြည့်လိုက်ပါ၊ ရရှိထားတဲ့ လူ့ဘဝ လူချမ်းသာလို့ ထင်ခဲ့တာ ခန္ဓာဘယ်နှစ်ပါး'

'(၅) ပါးပါဘုရား'

'သစ္စာနဲ့ပြောရင် ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'သိရင်ကြိုက်စရာရှိလား'

'မရှိပါဘူးဘုရား'

'လိုချင်စရာ၊ တပ်မက်စရာ၊ ဘာတစ်ခုမှမရှိတဲ့ ဟောဒီ ဒုက္ခသစ္စာ ခန္ဓာကိုယ်ကြီးပေါ်မှာ အကြိမ်ကြိမ်အခါခါ လိုချင်တယ်ဆိုတာက ဘယ်သူကများ လိုချင်တာလဲ မေးရင်'

'တဏှာပါဘုရား'

'ခန္ဓာအကြောင်းကို မြင်လို့လား၊ မမြင်လို့လား'

'မမြင်လို့ပါဘူးဘုရား'

'သြော် . . . ခင်လိုက်တာက'

'တဏှာပါဘုရား'

'တရားခံက ဘယ်သူလဲမေးရင် အဝိဇ္ဇာနဲ့တဏှာပေါင်းလိုက်တဲ့အတွက်ကြောင့်မို့လို့ ကုသိုလ်လေးမစင်ကြယ်တော့ဘူး ဟုတ်သလား'

'မှန်ပါဘုရား'



'ကိုယ်ပြုတဲ့ကုသိုလ်ကတော့ အလောဘကုသိုလ်ပြုတုန်းကတော့ စင်ကြယ်သား၊ အဲဒီစင်ကြယ်တဲ့ကုသိုလ်ပေါ်မှာ ခန္ဓာကို အပြစ်မမြင် ဒုက္ခကို မသိတာ၊ အဝိဇ္ဇာဖုံးအုပ်ပြီးတော့မှ ဒီဘဝလေးကို လိုချင်တဲ့ တဏှာကလာပြီးတော့ ပေါင်းဆုံလိုက်တဲ့အခါကျတော့ အကုသိုလ်လျော့သွားပြီ၊ အဲလို ကုသိုလ်လျော့သွားတဲ့အတွက်ကြောင့်မို့လို့ အတိတ်က မလှူခဲ့ဘူးလားမေးရင် လှူခဲ့တယ်၊ ဘယ်သူ အုပ်ချုပ်လိုက်တာ'

'အဝိဇ္ဇာအုပ်ချုပ်လိုက်တာပါ'

'ကုသိုလ်စင်ကြယ်သေးလား'

'မစင်ကြယ်ပါဘူးဘုရား'

'ဒါကြောင့် နိဗ္ဗာန်ကို ဘယ်လောက်ပဲလိုချင်လိုချင် ဟောဒီမှာ အကျိုးပြုမှုသာ ခန္ဓာ ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'ဘာကြောင့်များ ခန္ဓာဒုက္ခရလဲမေးတော့ အပြစ်ကင်းတဲ့ကုသိုလ် မရခဲ့လို့၊ ကုသိုလ်မစင်ကြယ်လို့ မှန်ကောမှန်ရဲ့လား'

'မှန်ပါဘုရား'

'ကုသိုလ်မစင်ကြယ်တော့ အဝိဇ္ဇာ အုပ်ချုပ်လိုက်တဲ့အတွက်ကြောင့်မို့လို့ ခန္ဓာရတော့ ဒုက္ခတွေ မသိမ်းတော့ဘူး၊ အခုလည်းပဲ ဟောဒီခန္ဓာကြီးက ဒုက္ခလို့ဟောတယ်၊ အဝိဇ္ဇာမျက်နှာဖုံးကို ခွာနေတယ်၊ တဏှာရဲ့အချော့အမြူအောက်က လွတ်အောင်လို့ သင်ပေးတယ်၊ အဲဒီလို သင်ပေးတာကို ကိုယ်ကမသိတဲ့အခါကျတော့ ဟော. . . လူချမ်းသာကို တစ်ကြိမ်တစ်ခါ မဟုတ်ဘူး၊ အကြိမ်ကြိမ် အားရပါးရတောင်းနေတယ်၊ နတ်ချမ်းသာကိုလည်းအကြိမ်ကြိမ် တောင်းနေတယ်၊ နိဗ္ဗာန်ကို ဘယ်လို တောင်းလဲမေးတော့ အဆုံးစွန်သော ဘဝရောက်မှ တောင်းကြတာပေါ့၊ အဲဒါ ဘယ်သူ့လက်ချက်လဲမေးတော့ အဝိဇ္ဇာနဲ့တဏှာ၊ အဲဒီတော့ အဝိဇ္ဇာနဲ့ တဏှာလက်ချက်နဲ့ လူချမ်းသာ အကြိမ်ကြိမ် ဇာတိပေါင်းများစွာ

www.burmeseclassic.com

www.burmeseclassic.com



ရမယ်၊ နတ်ချမ်းသာအကြိမ်ကြိမ် ဇာတိပေါင်းများစွာရမယ် ဘာသစ္စာတွေလဲ'

'ဒုက္ခသစ္စာပါဘုရား'

'နိဗ္ဗာန်နဲ့ မတွေ့တာ နိဗ္ဗာန်နဲ့မရတာ ရှင်းနေပါပြီ၊ မိမိတို့မှာ ကုသိုလ်ပြုခဲ့ပါသည်၊ ဘာဖြစ်လို့မရ'

'မစင်ကြယ်လို့ပါဘုရား'

'မစင်ကြယ်လို့ ဘယ်သူနဲ့ ဘယ်သူက အုပ်ချုပ်နေတာ'

'အဝိဇ္ဇာနဲ့တဏှာ'

'ကုသိုလ်တော့ မပြုဘူးလား'

'ပြုပါတယ်ဘုရား'

'ကဲ. . ဒါနကုသိုလ်ကိုတော့ ပြုလိုက်တယ် အလောဘ၊ ဒါပေမယ့် လောဘခြံရံပြီးတော့မှ တောင်းဆုခြွေတယ်၊ အဝိဇ္ဇာအုပ်ချုပ်ပြီးတော့မှ တောင်းဆုခြွေရင် ဒီကုသိုလ်မစင်ကြယ်တော့ဘူး ဟုတ်ပြီနော်၊ ကုသိုလ်တစ်မျိုးတော့ မရသွားဘူးလား'

'ရသွားပါတယ်ဘုရား'

'နောက်ကုသိုလ်တစ်မျိုး၊ သီလကုသိုလ်၊ ယနေ့ သီလကုသိုလ် မစောင့်ထိန်းဘူးလား'

'စောင့်ထိန်းပါတယ်ဘုရား'

'သီလကုသိုလ်တွေကို စောင့်ထိန်းကြတယ်၊ အဲဒီသီလကုသိုလ်တွေကို စောင့်ထိန်းတာကလည်းပဲ မိမိရဲ့ သီလတရားတွေကြောင့် အလောဘမေတ္တာတရားတွေလည်း ကိုယ့်ရဲ့သန္တာန်မှာကိန်းတဲ့အတွက် ကုသိုလ်တရားက အပြစ်ကင်းတယ်၊ သီလဆိုတဲ့ကုသိုလ် အပြစ်မကင်းဘူးလား'

'ကင်းပါတယ်ဘုရား'



'အဒေါသ မေတ္တာ အပြစ်မကင်းဘူးလား'

'ကင်းပါတယ်ဘုရား'

'ဒါကုသိုလ်ပဲ၊ ကုသိုလ်သည် အပြစ်မရှိ၊ ကောင်းသောအကျိုးကို ပေးတယ်၊ ဟောဒီသီလတရား ကိုယ့်ရဲ့သန္တာန်မှာရှိရင် အပါယ်ကျမလား'

'မကျပါဘူးဘုရား'

'မိမိတို့ရဲ့သန္တာန်မှာ မေတ္တာစိတ်တွေကိန်းနေရင် အပါယ်ကျမလား'

'မကျပါဘူးဘုရား'

'ဩော် . . . ကောင်းသောအကျိုးကိုပေးတာက လူချမ်းသာရမယ်၊ နတ်ချမ်းသာရမယ်၊ ဗြဟ္မာချမ်းသာရမယ်၊ ကုသိုလ်သည် အပြစ်မရှိ ကောင်းသောအကျိုးကိုပေးတယ်ဆိုတဲ့အတိုင်း သူ့မှာက အပြစ်ကင်းနေတယ်၊ ဒါပေမယ့် ဒီသီလကုသိုလ်ကို အကြောင်းပြုပြီးတော့မှ အသက်ရာကျော်ရှည်ရပါစေ၊ လူချမ်းသာ နတ်ချမ်းသာတွေကိုလည်း အသက်ရာကျော်ရှည်ပြီးနေရပါစေ၊ ဒီလိုသွားပြီးတော့ တောင်းဆုခြွေရင် ခန္ဓာဒုက္ခ မြင်တာလား မမြင်တာလား'

'မမြင်တာပါဘုရား'

'မမြင်တာက'

'အဝိဇ္ဇာပါဘုရား'

'တောင်းနေတာက'

'တဏှာပါဘုရား'

'ကဲ. . ဘဝတိုင်းတော့ ဒီအတိုင်း တောင်းခဲ့တာလား'

'တောင်းခဲ့ပါတယ်ဘုရား'

'အခုလည်းဘာလုပ်'

'တောင်းနေပါတယ်ဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတယ်ဆိုရင် သွားပြီနော်၊ အဝိဇ္ဇာ တဏှာသည် ယှဉ်လိုက်ပြီဆိုတာနဲ့ သီလကုသိုလ်လည်း စင်ကြယ်သေးလား'

'မစင်ကြယ်ပါဘူးဘုရား'

'ဟော. . သူ့သီလကုသိုလ်လေးကတော့ စင်စင်ကြယ်ကြယ်လေး ရှိသားပဲ၊ ဒါပေမယ့် အဝိဇ္ဇာတဏှာခြံရံပြီး လှူလိုက်တဲ့အတွက်ကြောင့် မို့လို့ မစင်ကြယ်တော့ဘူး၊ မစင်ကြယ်တဲ့အတွက်ကြောင့်မို့လို့ အကျိုးပေးကဘာပဲရမယ်'

'ဇာတိပါဘုရား'

'ဇာတိက ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'နိဗ္ဗာန်နဲ့အကြိမ်ကြိမ်လွဲလာတာ ရှင်းသွားပါပြီ၊ ကုသိုလ်မပြုခဲ့တာမဟုတ်ဘူး ပြုခဲ့ပါတယ် မစင်ကြယ်လို့၊ ရှင်းသွားပြီလား'

'ရှင်းပါပြီဘုရား'

'ကုသိုလ်တော့ ကုသိုလ်ပဲနော် ပြုတာတော့၊ ဒါပေမယ့် အဲဒီကုသိုလ်က မိမိတို့ သံသရာရှည်တာလားဆိုတော့ ကုသိုလ်က သံသရာရှည်တာ မဟုတ်ဘူး၊ အသိမလိုက်လို့ သံသရာရှည်တာ၊ ပြောလိုက်ပါ'

'အသိမလိုက်လို့ သံသရာရှည်တာပါဘုရား'

'တစ်နည်းပြောရင် မစင်ကြယ်လို့ သံသရာရှည်တာ၊ ပြောလိုက်ပါ'

'မစင်ကြယ်လို့ သံသရာရှည်တာပါဘုရား'

'မှတ်ထားလိုက်ပါ ဒါနလည်း ကုသိုလ်၊ သီလလည်း ကုသိုလ်၊ ယနေ့ကြိုးစားနေတဲ့ ဘာဝနာလည်း ကုသိုလ်ပဲ၊ အဲဒီဘာဝနာကုသိုလ်ကိုလည်း ကြိုးစားတယ်၊ ဒါပေမယ့် အို. . . နိဗ္ဗာန်ဆိုတာက အစောကြီးရောက်သွားရင် ပျင်းစရာသိပ်ကောင်းမှာပဲကွာလို့ နိဗ္ဗာန်ကိုအာရုံပြုပြီးတော့ တကယ့်ချမ်းသာကို မသိသေးတဲ့အခါမှာ မိမိတို့က အလွဲလွဲအချော်



ချော်နဲ့ နှလုံးသွင်းမှားပြီးတော့လည်းပဲ ဘာဝနာပွားရင်းကနေပြီး နတ်ပြည်လေးမှာတော့ နည်းနည်းစံချင်သေးတယ်၊ လူ့ချမ်းသာလေးမှာတော့ နေချင်သေးတယ်၊ စိတ်လေးတွေက လာပြီးဖောက်တဲ့အတိုင်းကို ကိုယ်က လိုက်ပြီး ပါသွားခဲ့ရင် ဘာဝနာကုသိုလ်ကတော့ စင်ကြယ်သား၊ ဒါပေမယ့် အဝိဇ္ဇာက အဖုံးခံလိုက်ရတယ်၊ တဏှာအချော့အမြှူအောက်မှာ ပါသွားပြီဆိုရင် အဲဒီကုသိုလ်လေး မညစ်နွမ်းသွားပြန်ဘူးလား'

'ညစ်နွမ်းသွားပါတယ်ဘုရား'

'ဟော. . . ကုသိုလ်မစင်ကြယ်ရင် နိဗ္ဗာန်ရပါ့မလား'

'မရပါဘူးဘုရား'

'ဘာပဲရမှာ'

'ဒုက္ခသစ္စာပါဘုရား'

'ဒါဖြင့် ကုသိုလ်ဆိုတဲ့ တရားလေးကိုတော့ သတိထားပေါ့၊ ကုသိုလ်သည် ဒါနသည် ကုသိုလ်၊ သီလသည် ကုသိုလ်၊ ဘာဝနာသည် ကုသိုလ်၊ အပစာယနသည် ကုသိုလ်၊ မိမိတို့ ရဟန်းတော် သံဃာတော်အရှင်သူမြတ်တွေ ကြွလာတိုင်း ကြွလာတိုင်းမှာ ကိုယ်က ထိုင်နေရာကနေ ကိုယ်က လက်အုပ်လေးချီမိုးပြီးတော့အာရုံပြုနေတာသည် အရိုအသေပေးနေတာ၊ အဲဒါသည်ပင် နေ့စဉ် နေ့စဉ် အပစာယန ကုသိုလ်ရနေတာ၊ ဒီကုသိုလ်ကော သူတော်စင်များရဲ့သန္တာန်မှာ မကိန်းဘူးလား'

'ကိန်းပါတယ်ဘုရား'

'ကဲ . . . ဟောကြားတဲ့အခါမှာ ရောက်လာတယ်၊ ကြွလာတဲ့အခါမှာ သူတော်စင်များက လက်အုပ်လေးချီမိုးထားတယ်၊ ရဟန်းသံဃာတော်အရှင်မြတ်တွေ ကြွလာတဲ့အခါမှာ လက်အုပ်လေးချီမိုးထားပြီးတော့ အာရုံမပြုကြဘူးလား'

'ပြုကြပါတယ်ဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီအာရုံပြုနေတာကိုက အရှိအသေအလေးအမြတ် အာရုံပြုနေတာမို့လို့ အပစာယနကုသိုလ် နေ့စဉ်မရဘူးလား'

'ရပါတယ်ဘုရား'

'အိမ်မှာနေရင် ရနိုင်ဖို့လွယ်မလား'

'မလွယ်ပါဘူးဘုရား'

'ကုသိုလ်တွေ အင်မတန်ကို ရနေတာနော်'

'မှန်လှပါဘုရား'

'ဒါတင်ပဲလားဆိုတော့ မဟုတ်ဘူး၊ ကိုယ်က ဝ .မှာ အဲဒီသွားနေတဲ့နေရာမှာ အမှိုက်ကလေးတွေ့ရင် ကောက်လိုက်တယ်၊ ဖယ်ရှားလိုက်တယ်၊ ဝေယျာဝစ္စကုသိုလ်ရမသွားဘူးလား'

'ရပါတယ်ဘုရား'

'ဒါဖြင့် ဝေယျာဝစ္စကုသိုလ်လည်း နေ့စဉ်တိုးတယ်၊ ကုသိုလ်တွေကို တန်းစီပြနေတာနော်၊ ဒါနသည် ကုသိုလ်၊ သီလသည် ကုသိုလ်၊ ဘာဝနာသည် ကုသိုလ်၊ အပစာယန အရှိအသေပေးတာသည် ကုသိုလ်၊ ကိုယ်ရဲ့ကိုယ်ကာယလေးကို အရင်းတည်ပြီးတော့ ပြုမူဆောင်ရွက်နေတာသည် ဝေယျာဝစ္စကုသိုလ်၊ အဲဒီကုသိုလ်တရားတွေကို အကြောင်းပြုပြီးတော့ နေ့စဉ်နေ့စဉ် အမျှမဝေဘူးလား'

'ဝေပါတယ်ဘုရား'

'ပတ္တိဒါနကုသိုလ်လည်း ကုသိုလ်ပဲနော်၊ သာဓုကော နေ့စဉ်မခေါ်ဘူးလား'

'ခေါ်ပါတယ်ဘုရား'

'ပတ္တာအနုမောဒနာ ကုသိုလ်လည်း ကုသိုလ်ပဲ၊ အဲဒီကုသိုလ်တွေအပြင် နေ့စဉ် နေ့စဉ် ဟောဒီမှာရှိတဲ့အတွက် တရားမနာရဘူးလား'

'နာရပါတယ်ဘုရား'



'အလှူအတန်းကို အကြောင်းပြုပြီးတော့လည်း တရားမနာရဘူးလား'

'နာရပါတယ်ဘုရား'

'တရားနာရတဲ့ ဓမ္မဿဝနကုသိုလ်လည်း နေ့စဉ်ရှိသည်၊ ဒီကုသိုလ်တွေအပြင်ကို ထပ်လောင်းပြီးတော့မှ ကိုယ်သိတဲ့အတိုင်းလေးကိုပဲ ပြန်ပြီးတော့ ပြောပေး၊ ပြုပြင်ပေး အသိလေးတွေကို ဖလှယ်နေကြတာသည်ပင် ဓမ္မဒေသနာကုသိုလ် မဖြစ်နေဘူးလား'

'ဖြစ်ပါတယ်ဘုရား'

'ကဲ . . . ဓမ္မဒေသနာကုသိုလ်ဖြစ်တဲ့အတွက်ကြောင့် ကိုယ့်ရင်ထဲမှာ ရှင်းနေတာက အယူမှားတာလေး ကိုယ့်သန္တာန်မှာမတည်တော့ဘဲနဲ့ စင်ကြယ်တဲ့အယူလေး ကိန်းနေတော့ ဒိဋ္ဌိဇုကမ္မကုသိုလ်ကော မတိုးသွားဘူးလား'

'တိုးသွားပါတယ်ဘုရား'

'တစ်နေ့ တစ်နေ့ ကုသိုလ်တွေ့ နည်းလား များလား'

'များပါတယ်ဘုရား'

'အဲဒီများတဲ့ထဲမှာ ထပ်လောင်းပြီးတော့ အားရစရာကောင်းလောက်အောင်ကို တစ်နေ့တာ ယနေ့လှူတယ်၊ ဒါတင်မကသေးဘဲနဲ့ ယောဂီဆောင်တစ်ခန်းအတွက်ကိုလည်း သိန်း(၄၀)လှူတယ်၊ အဲဒီကောင်းမှုကုသိုလ်တွေက ထပ်လောင်းထပ်လောင်း တိုးပွားတဲ့အတွက်ကြောင့်မို့လို့ ယနေ့ကုသိုလ်တွေ အများကြီးရှိမနေဘူးလား'

'ရှိပါတယ်ဘုရား'

'ဒီကုသိုလ်တွေတော့ ရှိနေပါပြီ၊ ဘာလုပ်ရမယ်၊ စင်ကြယ်အောင်လုပ်ရမယ်၊ ဘာလုပ်ရမှာလဲ'

'စင်ကြယ်အောင်လုပ်ရမှာပါဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'မိမိတို့ရဲ့သန္တာန်မှာ ကုသိုလ်တွေ မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'အခု အလှူရှင်တွေရဲ့သန္တာန်မှာလည်း ကုသိုလ်တွေ အားကောင်းအောင် မတည်နေဘူးလား'

'တည်နေပါတယ်ဘုရား'

'ကုသိုလ်တွေတော့ တည်နေပြီ၊ အဲဒီကုသိုလ်တွေ တည်နေပြီ၊ ကိုယ်က အဝိဇ္ဇာနဲ့အုပ်ချုပ်ပြီးတော့ လှူခဲ့သမျှက အတိတ်ကလာခဲ့တာ နော်၊ အတိတ်ကလာခဲ့တော့ ဟောဒီမှာ ဒုက္ခခန္ဓာကြီးက သက်သေခံနေတာ မင်းတို့ ဘယ်လိုပဲကုသိုလ်ပြုခဲ့ ပြုခဲ့ကွာတဲ့ နိဗ္ဗာန်မရခဲ့တာက မစင်ကြယ်လို့ပါ။ အဲဒီလို သတိပေးလိုက်တဲ့အတွက် ဟောဒီခန္ဓာဒုက္ခကို အရင်းတည်ပြီးတော့ ကောင်းမှုကုသိုလ်တွေများစွာ မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'ကိုယ်လိုချင်တာက တခြားလား နိဗ္ဗာန်လား'

'နိဗ္ဗာန်ပါဘုရား'

'နိဗ္ဗာန်ကို လိုချင်ရင် ဘာလုပ်ရမယ်'

'စင်ကြယ်အောင်လုပ်ရပါမယ်ဘုရား'

'ကုသိုလ်တရားတွေကို စင်ကြယ်အောင်လုပ်ရမယ်၊ အဲဒီလို စင်ကြယ်အောင်လုပ်ဖို့အတွက်ကို ယနေ့ လှူဒါန်းကြတဲ့အလှူရှင်မိသားစုတွေ၊ တရားနာ တရားအားထုတ် တရားဝင်ကြတဲ့ သူတော်စင်အပေါင်းပြန်ပြောင်းပြီး ကြည့်လိုက်ပါ၊ ဟောဒီ ဒီကုသိုလ်တွေသည် အားလုံးသန္တာန်မှာ မတည်ဘူးလား'

'တည်ပါတယ်ဘုရား'

'ကဲ . . . ကုသိုလ်တွေ တည်သွားပြီ၊ အဲဒီကုသိုလ်လေး တည်သွားလို့ ကုသိုလ်က အားရစရာ အားကောင်းစွာတည်လို့ ကျေနပ်စရာ၊



အဲဒီကုသိုလ်လေးကို စင်ကြယ်အောင်လုပ်ဖို့အတွက်က မလုပ်ခင်လေး ဘာသိရမယ် အစ၊ ဘာသိရမယ်'

'အစသိရမှာပါဘုရား'

'ကုသိုလ်ရဲ့အစသိရမယ်၊ မိမိတို့ အခုနာရမယ့်တရားသည် အကာကင်းတဲ့ အနှစ်သက်သက် ပြောထားပြီးပြီနော်၊ အကာကင်းတဲ့ အနှစ်သက်သက်မို့လို့ ဩော် . . . ငါတို့ ဟောဒီတရားတွေကို ယနေ့ ပြုလိုက်တဲ့ကုသိုလ်မှာ အလုံးစုံ ပါဝင်ပြည့်စုံတယ်ဆိုရင် အကြီးအကျယ် တန်းဖိုး မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'ငါတို့တစ်တွေသည် ယနေ့လာရောက်ပြီးတော့ ကောင်းမှု ကုသိုလ်ပြုတာ ကုသိုလ်ကအနည်းလေးအောက်မေ့တာ ကုသိုလ်ကမ္ဗရ (၁၀)ပါး အကုန် ပြည့်စုံနေတယ်၊ အဲဒီပြည့်စုံနေတဲ့ ကုသိုလ်ပေါ်မှာ ထပ်လောင်းပြီးတော့ (ကုသိုလ်)[၇] တွေ အားကောင်းအောင်ဆိုပြီးတော့မှ အားရစရာ ကောင်းလောက်အောင်ကို အကုန်ကျများစွာခံပြီး လှူဒါန်းလိုက်တယ်၊ အဲဒီလှူဒါန်းလိုက်တဲ့ ဒါနကုသိုလ် ရမနေဘူးလား'

'ရနေပါတယ်ဘုရား'

'ဒီဒါနကုသိုလ်ရနေပြီ၊ ကုသိုလ်ရဲ့အစ အရှင်ဘုရား ဘာပါလဲလို့ မေးတဲ့အခါကျတော့ ချစ်သားရေတဲ့ ကုသိုလ်ရဲ့အစကို သိဖို့က "သီလဥ္စ သုဝိသုဒ္ဓံ၊ ဒိဋ္ဌိ ဥဇုကံ" ဒီနှစ်ချက် ဟောပေးလိုက်တယ်၊ ကုသိုလ်ရဲ့အစဆိုတာ တခြားမဟုတ်ဘူး ချစ်သားရေတဲ့ . . . ၊ သီလစင်ကြယ်ရမယ်၊ အယူဖြောင့်မှန်ရမယ်၊ ဘယ်နှစ်ချက်'

'နှစ်ချက်ပါဘုရား'

'သီလစင်ကြယ်ရမယ်၊ အယူဖြောင့်မှန်ရမယ်၊ အယူမှားနေရင်လည်း မရဘူး၊ သီလတွေမရှိရင်လည်း မရဘူး၊ မိမိတို့ ဟောဒီကုသိုလ်တရားတွေကို ပြုတဲ့နေရာမှာ သီလရှိတဲ့ပုဂ္ဂိုလ် လှူတာနဲ့ သီလမရှိတဲ့ ပုဂ္ဂိုလ်

www.burmeseclassic.com

www.burmeseclassic.com



လှူတာတူလား'

'မတူပါဘူးဘုရား'

'အကျိုးပေးချင်း တခြားစီနော်'

'မှန်ပါဘုရား'

'သီလမရှိတဲ့ပုဂ္ဂိုလ်ကို တစ်နပ်စာလှူတာသည် အလှူခံပုဂ္ဂိုလ် တစ်ကျိပ်လေးယောက်မှာ ပြန်ကြည့်လိုက်ရင် တိရစ္ဆာန်တစ်ကောင်ကို လှူရင် ဘဝတစ်ရာ၊ သီလမရှိတဲ့ပုဂ္ဂိုလ်ကိုလှူရင် ဘဝတစ်ထောင်၊ ရိုးရိုး သရဏဂုံမပါဘဲနဲ့ သီလရှိတဲ့လူကိုလှူရင် ဘဝတစ်သိန်း ကွာခြားချက် မရှိဘူးလား ရှိလား'

'ရှိပါတယ်ဘုရား'

'အခုလို သရဏဂုံနဲ့တွဲပြီးစောင့်တဲ့ သီလပိုင်ရှင်တစ်ဦးတစ်ယောက် ကိုရပြီး လှူမယ်ဆိုရင် အသင်္ချေအနန္တ ကွာသွားပြီ၊ မကွာဘူးလား ကွာလား'

'ကွာပါတယ်ဘုရား'

'ဒါဖြင့် ကုသိုလ်သည် စွမ်းအားဘယ်အချိန်ကြီးလဲမေးရင် အစရှိမှ ကြီးမှာ၊ အစမရှိရင် ကုသိုလ်ရဲ့စွမ်းအား မကြီးနိုင်ဘူး၊ ကုသိုလ်ကတော့ မပေးဘူးလားမေးတော့ သူ့အကျိုးပေးမှာပဲ၊ ဒါပေမယ့် သူတော်စင်များက ဒီကုသိုလ်လေးကို ရင်းလိုက်တဲ့အခါမှာ ညောင်စေ့လောက် လှူပြီး ညောင်ပင်ကြီးလောက် မလိုချင်ဘူးလား'

'လိုချင်ပါတယ်ဘုရား'

'ညောင်ပင်ကြီးလောက် လိုချင်တယ်၊ ညောင်စေ့လောက် လှူပြီး ညောင်ပင်ကြီးလောက် လိုချင်ရင် ကုသိုလ်အစကို ရအောင်ယူ၊ ကုသိုလ် အစကို မရရင် ဘယ်လောက်ပဲလှူလှူ ညောင်ပင်ကြီးလောက် လှူလည်း ညောင်စေ့လောက် ရချင်မှရမှာ၊ အခုတော့ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက်ရတယ်ဆိုတာက ဘာကြောင့်မေးရင် ဟောဒီ



ကုသိုလ်ရဲ့အစလေးရဲ့တန်းဖိုးကြီးပုံက သီလပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေကိုရရင် ဆိုဖွယ်ရာရှိသေးလား'

'မရှိပါဘူးဘုရား'

'အဲဒီသီလရှိတဲ့ ပုဂ္ဂိုလ်တွေကို ထပ်လောင်းထပ်လောင်းပြီး နှိုင်းယှဉ် ပြသွားတဲ့နေရာမှာ သောတာပန်မှာလည်း သောတာပန်နဲ့ သကဒါဂါမ်၊ သဒါဂါမ်နဲ့ အနာဂါမ်၊ အနာဂါမ်နဲ့ ရဟန္တာ၊ ရဟန္တာနဲ့ ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါနဲ့ သဗ္ဗညုမြတ်စွာဘုရားရယ်လို့ ပုဂ္ဂိုလ်ပေါ်တင်ပြီးတော့မှ အကျိုးပေးချင်း မတူပုံကို သီလစွမ်းအား မြင့်တာ မြင့်တာ၊ သမာဓိ ပညာ မြင့်တာ မြင့်တာတွေက ပိုင်းခြားပေးလိုက်တဲ့နေရာမှာ သောတာပန် အယောက်တစ်ရာနဲ့ သကဒါဂါမ်တစ်ယောက်ကို နှိုင်းယှဉ်ပြတယ်၊ သောတာပန် အယောက်တစ်ရာကိုလှူတဲ့အလှူ၊ သကဒါဂါမ် တစ်ယောက်ကိုလှူတဲ့အလှူ ဒီနှစ်ခုကိုနှိုင်းယှဉ်ပြတဲ့နေရာမှာ သောတာပန် အယောက်တစ်ရာထက် သကဒါဂါမ်တစ်ယောက်ကိုလှူတဲ့အလှူကို (၂၅၆) စိတ် စိတ်လိုက်၊ သောတာပန်အယောက်တစ်ရာကို လှူတဲ့ အလှူက တစ်စိတ်တောင် လိုက်မမှီဘူးတဲ့'

'ဒါဆိုရင် ဘယ်သူက စွမ်းအားကြီး . . .'

'သောတာပန်က စွမ်းအားကြီးပါတယ်ဘုရား'

'သူ့ရဲ့သန္တာန်မှာ သောတာပန်ရဲ့သီလနဲ့ သကဒါဂါမ်ရဲ့ သီလ၊ သောတာပန်ရဲ့အသိနဲ့ သကဒါဂါမ်ရဲ့အသိ ဘယ်သူကမြင့်တုန်း'

'သကဒါဂါမ်ရဲ့အသိက မြင့်ပါတယ်ဘုရား'

'သကဒါဂါမ်က မြင့်တဲ့အတွက်ကြောင့်မို့လို့ ကြည့်စမ်း ကုသိုလ် ရဲ့အစကောင်းလေ အကျိုးပေးကြီးလေပဲ၊ အဲဒီလို အကျိုးပေးကြီးရတာ သည် ညော် . . . ဟောဒီ သီလဖြောင့်မှန်တဲ့အယူ၊ သောတာပန်တွေဆို အယူ မစင်ကြယ်သွားဘူးလား'

'စင်ကြယ်သွားပါတယ်ဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'သကဒါဂါမ်လည်း အယူမစင်ကြယ်ဘူးလား'

'စင်ကြယ်ပါတယ်ဘုရား'

'သိတဲ့ဉာဏ်ချင်းက ကွာသွားတယ်နော်'

'မှန်လှပါဘုရား'

'အဲဒီကွာသွားတဲ့အတွက် စွမ်းအားချင်း တူသေးလား'

'မတူပါဘူးဘုရား'

'သကဒါဂါမ်အယောက်တစ်ရာနဲ့ အနာဂါမ်တစ်ယောက်ကို လှူရတဲ့အလှူကို (၂၅၆) စိတ်၊ သကဒါဂါမ် အယောက် (၁၀၀) က လိုက်မမှီပြန်ဘူးတစ်စိတ်ကို၊ ဒါဖြင့်စွမ်းအားချင်း ကွာသွားပြန်ပြီ၊ အနာဂါမ်အယောက်တစ်ရာနဲ့ ရဟန္တာတစ်ပါး၊ ရဟန္တာအပါးတစ်ရာနဲ့ ပစ္စေကဗုဒ္ဓါတစ်ပါး၊ ပစ္စေကဗုဒ္ဓါနဲ့ သဗ္ဗညုဗုဒ္ဓါဆိုတော့ ကဲ . . . သဗ္ဗညုမြတ်စွာဘုရားပုဂ္ဂိုလ်ပေါ်တင်တဲ့နေရာကျတော့ စွမ်းအားချင်းကွာသွားတဲ့အတွက်ကြောင့်မို့လို့ ကြည့်စမ်း၊ အကျိုးပေးချင်း ကွာတယ်ဆိုတာကို သိစေချင်တဲ့အတွက် ကုသိုလ်ရဲ့အစသည် သီလ၊ ကုသိုလ်ရဲ့အစသည် အယူမှန်ခြင်း၊ နှစ်ချက်နော်၊ ကုသိုလ်ရဲ့အစသည် ဘယ်နှစ်ချက်လဲ (၂) ချက်၊ ပြောလိုက်ပါ'

'သီလစင်ကြယ်ရမယ်၊ အယူမှန်ရပါမယ်ဘုရား'

'ယနေ့ မိခင်ကြီး ဒေါ်ခင်ထွေး အမှူးထားပြီးတော့မှ သမင်ငါးကောင်စတိုး မိသားစုတွေ လှူဒါန်းလိုက်တဲ့ ကောင်းမှုကုသိုလ်ပြန်ကြည့်လိုက်၊ မိမိတို့လှူဒါန်းလိုက်တဲ့ ကောင်းမှုကုသိုလ်မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တွေကိုလည်း ရမထားဘူးလား'

'ရထားပါတယ်ဘုရား'

'ယောဂီ သူတော်စင်ကိုလည်း ရာပေါင်းများစွာ ရမထားဘူးလား'

'ရထားပါတယ်ဘုရား'



'အဲဒီလို ရထားတဲ့အလှူခံ ပုဂ္ဂိုလ်တွေကိုကြည့်လိုက်စမ်းပါ၊ တစ်ဦးချင်းကိုပဲကြည့်ကြည့် အားလုံးကိုပဲခြုံကြည့်ကြည့်၊ သီလလည်းပဲစောင့်ထိန်းထားတယ်၊ သူတို့မှာ ရှစ်ပါးသီလတွေကို အခုဆိုရင် (၄)ရက်တိုင်တိုင် စောင့်ထိန်းထားတော့ (၁)ရက်ထက် (၂)ရက်က ပိုစွမ်းအားကောင်းသွားပြီ၊ (၂)ရက်ထက် (၃)ရက် ပိုစွမ်းအားကြီးသွားပြီ၊ (၃)ရက်ထက် (၄)ရက်ဆိုတော့ ပိုစွမ်းအားမကြီးဘူးလား ကြီးလား'

'ကြီးပါတယ်ဘုရား'

'စွမ်းအားကြီးတဲ့ သီလပိုင်ရှင်တွေကို ရထားတဲ့ အဲဒီပုဂ္ဂိုလ်တွေသည် တရားတွေ အားထုတ်နေတဲ့အတွက်ကြောင့်မို့လို့ ယုံမှားသံသယတွေကိုလည်း စင်အောင် တရားတွေနာရတယ်၊ ခန္ဓာထဲကြည့်တော့လည်း ယုံမှားသံသကင်းအောင်လို့လည်း ဉာဏ်ကရောက်မယ်ဆိုရင် အယူဖြောင့်မှန်တဲ့ပုဂ္ဂိုလ်တွေချည်းပဲ ဆိုလို့မရဘူးလား'

'ရပါတယ်ဘုရား'

'ဒါဖြင့် အယူမှန်တဲ့ ပုဂ္ဂိုလ်တွေကိုလည်း ရထားတယ်၊ သီလတွေစောင့်ထိန်း၊ သီလတွေစင်ကြယ်၊ ပညာတွေကိန်းအောင်လို့လည်းပဲ ဝိပဿနာဉာဏ်တွေ နှလုံးသွင်းထားတယ်၊ သမထကုသိုလ်တွေလည်း အားကောင်းစွာနဲ့ ဆောက်တည်ထားတယ်၊ သမာဓိတွေတည်အောင်လည်း ကြိုးစားထားတယ်၊ သီလ သမာဓိ ပညာကိန်းနေတဲ့ ပုဂ္ဂိုလ်တွေရအောင် ကြိုးစားနေတဲ့ ပုဂ္ဂိုလ်တွေ တစ်ဦးတစ်ယောက်ထဲ မဟုတ်ဘဲနဲ့ အများစုကို ရထားတဲ့အတွက်ကြောင့်မို့လို့ ယနေ့ ကိုယ်လှူရတဲ့ ကုသိုလ်ရဲ့အစ အားနည်းလား အားကောင်းလား'

'အားကောင်းပါတယ်ဘုရား'

'ယုံမှားသံသယရှိစရာမလိုဘူးနော်'

'မှန်လှပါဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'ကုသိုလ်ရဲ့စွမ်းအား မြင့်သွားပြီ၊ ကုသိုလ်ရဲ့ အစသည်အားကောင်းသွားပြီ၊ ဟောဒီကုသိုလ်သည် အကျိုးပေးတယ် အကျိုးပေးတယ်၊ အားကောင်းတယ် အားကောင်းတယ်ဆိုတာ တခြားမဟုတ်ဘူးဟေ့တဲ့. . ဒါလေးတွေကိုလည်း မင်းတို့ဝေဖန်ပြီးတော့ သတိထားလိုက်ပါဦးဆိုပြီး ပြောခဲ့တာလေးတွေကိုလည်း ဒီနေ့ သူတော်စင်များ နားလည်အောင် ပြောရင်'

"အလှူရှင်မှာ၊ ကျင့်သီလာ၊ ကောင်းစွာပြည့်ဝရပေမည်"

'ကုသိုလ်အစရဲ့ စွမ်းအားကြီးပုံတွေကို ဖော်ကျူးတဲ့နေရာမှာ ကိုယ်ပြုတဲ့ကုသိုလ်သည် ထိပ်တန်းကျအောင် အကျိုးပေးကို လိုလားရင် အလှူရှင်က လှူတဲ့နေရာမှာ ရေစအင့်လို့ လှူလိုက်ရုံနဲ့ မပြီးဘူး၊ ရေစအင့်လို့ လှူလိုက်ရုံနဲ့ ကုသိုလ်တော့ မဖြစ်ဘူးလား'

'ဖြစ်ပါတယ်ဘုရား'

'ကုသိုလ်အစရဲ့ စွမ်းအားကြီးမှုတော့ ရပ့်မလား'

'မရပါဘူးဘုရား'

'ကဲ . . . ကုသိုလ်အစရဲ့ စွမ်းအားကြီးမှုကို ရအောင်လို့ ယနေ့ မိမိတို့ မိသားစု ဟောဒီ (၁၀)ရက်စခန်းမှာ ဝေးလံတဲ့ အရပ်က လာပြီးတော့ တရားမဝင်ဘူးလား'

'ဝင်ပါတယ်ဘုရား'

'ကဲ . . . တရားဝင်တဲ့အတွက်ကြောင့်မို့လို့ ရှစ်ပါးသီလကိုလည်း ယောဂီသူတော်စင်တွေနဲ့အတူတူ သီလကော မစောင့်ထိန်းဘူးလား'

'စောင့်ထိန်းပါတယ်ဘုရား'

'သီလစောင့်ထိန်းလိုက်တဲ့အတွက် အဲဒီသီလကုသိုလ်တရား ကိုယ်ရဲ့သန္တာန်မှာ ကိန်းသွားပြီ၊ အလှူရှင်မှာ သီလပြည့်စုံရမယ်ဆိုတဲ့ အတိုင်း သီလပြည့်စုံအောင်ကော မစောင့်ရှောက်ဘူးလား'

'စောင့်ရှောက်ပါတယ်ဘုရား'



'ဘာရသွား၊ ကုသိုလ်ရဲ့အစ ဘာရသွား'

'ကုသိုလ်အစပါဘုရား'

'အလှူရှင်က ကုသိုလ်အစကို ရအောင်ယူလို့ တန်ဖိုးကြီးတဲ့ အဖိုးမဖြတ်နိုင်တဲ့ ထိပ်တန်းကျတဲ့အကျိုးပေးကို ပိုင်ဆိုင်နိုင်အောင်လို့ စွမ်းအားပြည့်အောင် ဖြည့်လိုက်တဲ့နေရာမှာ အလှူခံပုဂ္ဂိုလ်ကလည်း လျော့ရဲရဲ မဟုတ်ပါဘူး၊ အခု (၄)ရက်လုံးလုံးမှာ သံဃာတော်အရှင်မြတ်တွေလည်းပဲ တရားနာ တရားအားထုတ် ကြိုးစားဖြည့်ဆည်းပေးတယ်၊ ချီးမြှောက်ပေးတယ်၊ ယောဂီသူတော်စင်တွေကလည်း ကိုယ့်ကိုလှူဒါန်းကြတဲ့ အလှူရှင်အပေါင်းကိုလည်းပဲ စွမ်းနိုင်သမျှ အသိတရားလေး ကိန်းပြီးတော့ စားတာကအစ တတ်စွမ်းသမျှ ကိုယ်ဉာဏ်လေးဝင်သလောက် ထိန်းသိမ်းနိုင်သလောက်လေးနဲ့ တိတ်ဆိတ်ငြိမ်သက်စွာနဲ့ ချီးမြှောက်မှု မရှိဘူး ရှိလား'

'ရှိပါတယ်ဘုရား'

'အဲဒီလိုရှိနေတာကိုက ကိုယ့်သန္တာန် စောင့်ထိန်းတဲ့သီလနဲ့ ကိုယ်က ချီးမြှောက်နေတယ်၊ ဒါ့ကြောင့် . . .

"အလှူခံလည်း၊ ထို့အတူပဲ၊ အမြဲသီလရှိရမည်"

'အလှူခံမှာလည်း ဘာရှိရ'

'သီလရှိရပါမယ်ဘုရား'

'ယနေ့ ကိုယ့်လှူခွင့်ရတဲ့ အလှူခံပုဂ္ဂိုလ်တွေကိုကြည့်လိုက်ပါ၊ သီလမရှိဘူးလား ရှိလား'

'ရှိပါတယ်ဘုရား'

'အလှူခံမှာလည်း သီလရှိတယ်၊ အလှူရှင်မှာလည်း သီလရှိတဲ့ အတွက် ကုသိုလ်ရဲ့အစသည် တရှိန်ထိုးအားကောင်းသွားပြီ၊ အကျိုးပေး ဆုတ်ယုတ်စရာအကြောင်းမရှိတော့ဘူး၊ အလွန်ကို အဖိုးတန်နေတဲ့ကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



မျိုးစေ့ ယနေ့ကြဲချလိုက်တာသည် လယ်ယာမြေကောင်းလို့ပါနော်'

'မှန်ပါဘုရား'

'လယ်ယာမြေမကောင်းရင် ဒီလိုအနေအထားမျိုး မရဘူး၊ အခု လယ်ယာမြေကောင်းလို့ ရလိုက်တဲ့ အဖိုးတန်တဲ့ မျိုးစေ့ကောင်းကြီးကို ပိုင်ဆိုင်သွားတဲ့အလှူရှင်တွေ ကျေနပ်စရာမကောင်းဘူးလား'

'ကောင်းပါတယ်ဘုရား'

'ဒီလိုအခွင့်အရေးကိုရဖို့အတွက် နေရာတိုင်းကို လိုက်ရှာ မလွယ် ဘူးနော်၊ အချိန်တိုင်းမှာကော လိုချင်လို့ဖြစ်ပါ့မလား'

'မဖြစ်ပါဘူးဘုရား'

'ဘဝတိုင်းမှာ ဆုံချင်လို့ကော ရပါ့မလား'

'မရပါဘူးဘုရား'

'အခွင့်အခါသင့်တုန်းကို ရအောင်ယူနိုင်မှ ဒီအခွင့်အရေးက ရတာ၊ အဲဒီတော့ ရတဲ့အခွင့်အရေးလေးကို ပြန်ကြည့်တော့လည်း အလှူရှင်က ကုသိုလ်ပြုတယ်၊ အစကိုလည်း သီလဖြည့်ဆည်းတယ်၊ အလှူခံပုဂ္ဂိုလ် ကလည်းပဲ ခံယူလိုက်တယ်၊ ဒါပေမယ့် သီလခံယူ ဖြည့်ဆည်းလိုက်တဲ့ အတွက်ကြောင့်မို့ ကုသိုလ်အစကိုလည်းပဲ ကောင်းစွာ ပီပြင်အောင် ပံ့ပိုး ပြီးသား မဖြစ်ဘူးလား'

'ဖြစ်ပါတယ်ဘုရား'

'အဲဒီပုဂ္ဂိုလ်ရဲ့စွမ်းအားတွေကို ကြည့်ဖို့အတွက်က မိမိရဲ့သန္တာန်မှာ အယူမှန်ဦးမှနော်၊ အယူမမှန်လို့ကော ရမလား'

'မရပါဘူးဘုရား'

'အယူမှန်တယ်ဆိုတာကလည်း အခုလို ကောင်းမှုကုသိုလ်တွေကို သတိထားပြီး ပြုတာက မှားနေတဲ့ပုဂ္ဂိုလ် ဘယ်ပြုတတ်မှာလဲ၊ မှန်လို့သာ လျှင် ပြုတတ်တယ်၊ ဒါကြောင့်မို့လို့ သူ့ရဲ့သန္တာန်မှာ ထပ်လောင်းပြီးတော့



အားကောင်းအောင် ဖြည့်ဆည်းဖို့က -

"စေတနာသုံးတန်၊ စုံပြည့်လျှံ၊ ထက်သန်အောင်မြင်ရပေမည်"

'မိမိတို့ရဲ့ မလှူမီက ဖြစ်ပေါ်ခဲ့တဲ့စေတနာကလည်းပဲ အရှင်ဘုရား၊ အရှင်ဘုရားရဲ့ ဟောဒီစခန်းပွဲကျရင် တပည့်တော်တို့ တစ်နေ့တာလှူမယ် ဘုရား လျှောက်ထားလိုက်တဲ့ ပုဗ္ဗစေတနာကလည်း အားကောင်းခဲ့တယ်၊ အဲဒီအချိန်တုန်းက ဘယ်လောက်လူများမယ်ဆိုတာလည်းမသိ၊ ဘယ် လောက်ကုန်ကျမယ်ဆိုတာလည်း မသိသေးဘူး၊ ဒါပေမယ့် ကိုယ်က ဘယ်လောက်ပဲကုန်ကုန်လို့ ခန့်မှန်းထားတဲ့အတိုင်းကို ဟိုတုန်းကစပြီး သတ်မှတ်ထားကာကတော့ (၅)သိန်းခွဲလောက်ပဲ စပြီးသတ်မှတ်တယ်၊ လူကလည်းပဲ ယောဂီတို့ (၄၀၀)လောက်ပဲ လက်ခံမယ်၊ ကျောင်းရှိ သံဃာနဲ့ တိုးလာမယ့်ရဟန်းတော်နဲ့ ဒီလောက်ဆိုရင် (၄၅၀) လောက်ဆို ရင် အချိုပွဲပါ အပြည့်အစုံဆို ဒီလောက်တော့ရပြီ၊ ဒါပေမယ့် တရားဓမ္မ အားထုတ်လိုတဲ့ပုဂ္ဂိုလ်တွေဟာ မကင်းရာ မကင်းကြောင်းတွေကလည်း များကြ၊ အားနာမှုတွေကလည်းပါ၊ အရှင်ဘုရား ဘယ်လိုပဲ နေရနေရ အားထုတ်ချင်ပါတယ်ဆိုတော့ သွားကွာ အားမထုတ်နဲ့လို့ပြောတော့ ကောင်းပါ့မလား'

'မကောင်းပါဘူးဘုရား'

'တရားလိုလားတဲ့ပုဂ္ဂိုလ်တွေကို သူတို့ကမှ ဆင်းဆင်းရဲရဲ ခံနိုင်ပါ တယ်ဆိုတော့လည်းပဲ ကဲ. . . ရတဲ့နေရာမှာ ဘယ်လိုပဲဖြစ်သလိုနေနေ တရားအားထုတ်ရရင်ပြီးရော၊ တရားနာရရင် ပြီးရောဆိုတော့ အဲဒီလိုနဲ့ လူကများလာတဲ့အခါမှာ ကုန်ကျစရိတ်က ပိုမတက်ဘူးလား'

'တက်ပါတယ်ဘုရား'

'ကဲ . . . ပိုတက်လာတဲ့အခါမှာ အရှင်ဘုရား ရောက်လာတဲ့ အခါကျ ဒီလောက်ဒီလောက်ကျတယ်၊ ဒါက ဒီလောက်ကုန်တယ်၊ တစ်နေ့ တာဒီလောက်၊ တကယ်လို့ အချိုပွဲ ရေခဲမုန့် ပါမယ်ဆိုရင် ထပ်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



တစ်သိန်းခွဲ၊ ခုနစ်သိန်းခွဲလောက်ဆိုတော့ တစ်ကြိမ်တစ်ကြိမ်လှူရဖို့ လွယ်ပါ့မလား'

'မလွယ်ပါဘူးဘုရား'

'အရှင်ဘုရား ဘယ်လောက်ပဲကုန်ကုန်ဘုရား ယောဂီသူတော်စင်တွေ ချမ်းချမ်းသာသာနဲ့ သုံးဆောင်ရရင် တပည့်တော်တို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါတယ်ဘုရားဆိုတော့ မုဉ္စစေတနာကော အားမကောင်းဘူးလား'

'ကောင်းပါတယ်ဘုရား'

'လှူပြီးတဲ့နောက်မှာလည်း ပြန်ကြည့်လိုက်စမ်းပါ၊ ကိုယ့်ရဲ့ ဟောဒီတရားတွေကို နာရတဲ့အတွက် အကာကင်းပြီး အနှစ်သက်သက်တွေကို ငါတို့ရလိုက်ပါလားလို့ သိလိုက်မယ်ဆိုရင် ဝမ်းမြောက်လို့မဆုံးအောင်ကို တစ်သက်လုံး ကြည်နူးနိုင်တဲ့အနေအထားကော မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'ဒါဖြင့် စေတနာသုံးတန် ဘယ်နေရာလျော့စရာအကြောင်းရှိတုန်း'

'မရှိပါဘူးဘုရား'

'ဆောက်လုပ်ထားတဲ့ ယောဂီဆောင်ကလည်းပဲ ပထမတုန်းကတော့ တစ်ခန်း သိန်း (၃၀)၊ ဒါပေမယ့် တကယ်တမ်းဆောက်လိုက်တဲ့အခါကျတော့ တစ်ခန်း (၇၀)လောက်ကျနေတယ်၊ ဪ. . . လှူတဲ့ပုဂ္ဂိုလ်တွေလည်းပဲ ချမ်းချမ်းသာသာနဲ့လှူနိုင်အောင် ဒီလောက်ကြီးလည်းအများကြီးမဖြစ်ဘူးဆိုပြီးတော့မှ နောက်ထပ် ထပ်ပြီးတော့ (၁၀)သိန်းဆိုတော့ (၄၀)ဝန်းကျင်လောက် သူတို့ခမျာ ကုန်ရတယ်၊ ဒါတင် မကသေးဘူး၊ အထဲမှာ ကြွေပြားကပ်တာတို့၊ ဘိုထိုင်ထိုင်တာတို့ဆိုရင် ကိုယ့်ဘာသာကိုယ် ထပ်ကုန်ရမှာဆိုတော့ ဆယ်သိန်းကျော်လောက် ထပ်ရှိသေးတယ်၊ အဲဒီလိုဆိုရင် သိန်း (၅၀) ကျော်လောက် မကုန်ဘူးလား



ကုန်မလား'

'ကုန်ပါတယ်ဘုရား'

'အရှင်ဘုရား ဘယ်လောက်ပဲကုန်ကုန်ဘုရား၊ ဒါလေးတွေက တပည့်တော်တို့လည်းပဲ အားထုတ်တဲ့အခါ ချမ်းချမ်းသာသာနဲ့ အားထုတ်နိုင်သလို အများသူငှာ အားထုတ်တဲ့အခါမှာလည်း ချမ်းချမ်းသာသာနဲ့ အားထုတ်နိုင်အောင်လို့ စိတ်တိုင်းကျသာလုပ်ပါဘုရားဆိုတော့ သူတို့ရဲ့ စေတနာသည် လျော့သွားတာရှိသလား'

'မရှိပါဘုရား'

'စေတနာသုံးတန်သည် အားကောင်းထက်သန်မှုကော မပါဘူးလား'

'ပါပါတယ်ဘုရား'

'ဒါဖြင့် စေတနာသုံးတန်လည်းပဲ အားကောင်း ထက်သန်တဲ့အတွက်ကြောင့်မို့လို့ ဟောဒီကုသိုလ်ရဲ့အစသည် ဘယ်နေရာများ ချို့ယွင်းချက်ရှိသလဲ'

'မရှိပါဘူးဘုရား'

'သီလကလည်းပဲ အားကောင်းအောင်ဖြည့်ဆည်းတယ်၊ အလှူခံပုဂ္ဂိုလ်တွေကလည်း ချီးမြှောက်တယ်၊ မိမိတို့ကလည်း စေတနာသုံးတန်ကို စောင့်ရှောက်တယ်၊ ဒါတင်ပဲလားဆိုတော့ မဟုတ်ဘူး'

"ကံနှင့်ကံကျိုး၊ မြတ်တနိုး၊ အားကိုးယုံကြည်ရပေမည်"

'ကံနှင့်အကျိုးပေးကိုလည်းပဲ ယုံကြည်သက်ဝင်တဲ့ သဒ္ဓါတရားကော အားမကောင်းဘူးလား'

'ကောင်းပါတယ်ဘုရား'

'အခုလို လှူဒါန်းတဲ့နေရာမှာ သီလရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ဘုရားအမှူးရှိတဲ့ သံဃာတော်အရှင်မြတ်တွေ ဒါတွေကို အမှူးထားပြီးတော့ လှူမယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



ရင် ထိပ်တန်းကျအောင် အကျိုးပေးတယ်၊ ညောင်စေ့လောက် လှူရင် ညောင်ပင်ကြီးလောက်ကို ကြီးကျယ်ခမ်းနားစွာ ရတယ်လို့ ဘုရားရှင်က ဟောကြားတဲ့တရားတွေကို ကိုယ်ကလည်း တရားစခန်းတွေဝင် တရားတွေနာတဲ့အတွက်ကြောင့်မို့လို့ ယုံကြည်သက်ဝင်မှု သဒ္ဓါတရားကလည်း ကံနှင့်အကျိုးပေးပေါ်မှာ အနည်းငယ်မှ ချို့ယွင်းချက်မရှိဘဲ ပြည့်ပြည့်ဝဝနဲ့ ထက်ထက်သန်သန် လှူဒါန်းလိုက်တဲ့အတွက်ကြောင့်မို့လို့ အကြောင်းကော မကောင်းသွားဘူးလား'

'ကောင်းပါတယ်ဘုရား'

'အေး . . . အကြောင်းကောင်းခြင်းသည်ပင် ကုသိုလ်ရဲ့ စင်ကြယ်ဖို့အတွက်ကို အခြေခံဖြစ်သွားပြီနော်'

'မှန်လှပါဘုရား'

'အခုပြောနေတာက ကုသိုလ်ကတစ်ပိုင်း၊ ကုသိုလ်ရဲ့အစက တစ်ပိုင်း ပြောပြနေပြီ၊ ယနေ့ ကိုယ်လှူတဲ့အလှူတွေ လှူခဲ့ကြတဲ့ အလှူတွေ၊ ပြီးခဲ့တဲ့ အလှူရှင်တွေ၊ နောင်လှူမယ့်အလှူရှင်တွေဟာ ဟောဒီအချက်လေးနှစ်ချက်ဟာ အားရစရာ ပြည့်စုံနေပါလားဆိုတာ သိခွင့် မရသွားဘူးလား'

'ရသွားပါတယ်ဘုရား'

'ဒါသည်ပင် ကိုယ်ရဲ့သန္တာန်မှာ ကုသိုလ်ရဲ့စွမ်းအားကို အပြည့်အဝရတော့မယ်၊ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက် သေချာပေါက်ရမယ် သံသရာထဲမှာ ကျင်လည်ပြီးတော့ ဘဝပြည့်စုံမှုကို ဦးထိပ်ထား လှူတာဟုတ်သလား'

'မဟုတ်ပါဘုရား'

'လူချမ်းသာ၊ နတ်ချမ်းသာတွေကို တောင့်တရည်ရွယ်ပြီးလုပ်တာ ဟုတ်သလား'

'မဟုတ်ပါဘူးဘုရား'



'မဟုတ်ဘူးဆိုရင် ဘာကိုလိုချင်လို့'

'နိဗ္ဗာန်ကို လိုချင်လို့ပါဘုရား'

'အတိတ်ကလည်းပဲ နိဗ္ဗာန်ကို လိုချင်ခဲ့ပါတယ်၊ ကုသိုလ်မပြုဘူးလားမေးတော့ ပြုခဲ့ပါတယ်၊ ဘယ်သူအုပ်ချုပ်ခဲ့'

'အဝိဇ္ဇာအုပ်ချုပ်ပါတယ်ဘုရား'

'အဝိဇ္ဇာအုပ်ချုပ်တော့ မစင်ကြယ်တဲ့ ကုသိုလ်ကြောင့် ယနေ့ နိဗ္ဗာန်နဲ့လွဲပြီး ဘာရတာတုန်း'

'ခန္ဓာရတာပါဘုရား'

'ခန္ဓာငါးပါး ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'ခန္ဓာဒုက္ခကြီးရနေတာသည် ငါတို့တွေသည် နိဗ္ဗာနဲ့ ဘာကြောင့်လွဲလဲမေးတော့ ပြုတဲ့ကုသိုလ်မစင်ကြယ်လို့၊ ဒါက အကြောင်းအကျိုးနဲ့ သေချာသွားပြီနော်'

'မှန်ပါဘုရား'

'ဒီလိုဆိုရင် အကြောင်းအကျိုးလေးနဲ့ ထပ်ပြီးဝေဖန်ရမှာက ငါတို့သွားချင်တာက နိဗ္ဗာန်၊ အခုကုသိုလ်ကလည်း အစရောက်အောင်ကောအားကောင်းအောင် လုပ်မထားဘူးလား'

'လုပ်ပါတယ်ဘုရား'

'ဘာလုပ်ရအုံးမယ်၊ စင်ကြယ်အောင် လုပ်ရအုံးမယ်၊ ဘာလုပ်ရအုံးမယ်'

'စင်ကြယ်အောင်လုပ်ရမှာပါဘုရား'

'ဒါဖြင့် စင်ကြယ်အောင်လုပ်ရအုံးမယ်ဆိုတော့ ကုသိုလ်ကို စင်ကြယ်အောင်လုပ်ဆိုတော့ အရှင်ဘုရား ကုသိုလ်ကို စင်ကြယ်အောင် ဘယ်လိုလုပ်ရမလဲဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက. .

www.burmeseclassic.com

www.burmeseclassic.com



စတ္တာရော သတိပဋ္ဌာနေ ဘာဝိတာ ဗဟုလီကတာ၊ ဒါလေးပြော လိုက်သည်၊ လေးပါးသော သတိပဋ္ဌာန်ကိုပွား ဘာပြောလိုက်တုန်း'

'လေးပါးသော သတိပဋ္ဌာန်ကို ပွားပါဘုရား'

'ကုသိုလ်ရဲ့အစလေးကိုစင်ကြယ်ချင်ရင် သတိပဋ္ဌာန်လေးပါးပွား၊ ယနေ့ အလှူရှင်တွေက ကိုယ်တိုင်ကိုယ်ကျ စခန်းတွေဝင်တော့ ဝိပဿနာ အလုပ်နဲ့ ခန္ဓာဉာဏ်မစိုက်ရဘူးလား'

'စိုက်ရပါတယ်ဘုရား'

'ရုပ်ပေါ်လည်း မရှုရဘူးလား'

'ရှုရပါတယ်ဘုရား'

'ဝေဒနာပေါ်လည်း. . .'

'ရှုရပါတယ်ဘုရား'

'စိတ်ပေါ်လည်း . . .'

'ရှုရပါတယ်ဘုရား'

'ရုံခါရုပ် ရုံခါနာမ်ပေါ်လည်း အလွတ်မပေးအောင်ရှုရတယ်၊ အဲဒီလိုရှုနေတဲ့အခါမှာ ခန္ဓာထဲမှာ ဉာဏ်ရောက်အောင် ရှုနေတဲ့အလုပ်တဲ့ ကာယာနုပဿနာသပတိပဋ္ဌာန်ဆိုတာက ရုပ်ကို ရှုနေတာ၊ စိတ္တာနုပဿနာသတိပဋ္ဌာန်က စိတ်ကိုရှုနေတာ၊ ဝေဒနာနုပဿနာ သတိပဋ္ဌာန်က ဝေဒနာကိုရှုနေတာ၊ ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဆိုတာက ရုံခါရုပ်ပေါ်လည်း မလွတ်ဘူး၊ ရုံခါနာမ်ပေါ်လည်း မလွတ်ဘူး၊ သဘောတရားတွေအပေါ်မှာ ဉာဏ်ရောက်အောင် ဖြစ်တာပျက်တာတွေပေါ်မှာ နှလုံးသွင်းပြီးတော့မှ ဘယ်တရားပဲပေါ်ပေါ် အလွတ်မပေးဘဲရှုနေတဲ့ သဘောလေးသည်ပင် ဓမ္မာနုပဿနာသတိပဋ္ဌာန်၊ အဲဒီတော့ သတိပဋ္ဌာန်လေးပါးတစ်ပါးပါးကို ပွားခြင်းသည် ဘာလုပ်ထာ'

'ကုသိုလ်ကို စင်ကြယ်အောင်လုပ်တာပါဘုရား'



'ဘယ်လောက်တောင် စင်ကြယ်လဲမေးတော့ ကိုယ့်ရဲ့သန္တာန်မှာ အခုလို နှလုံးသွင်းပြီးတော့မှ ကြိုးစားနေတဲ့ အခိုက်အတန့်လေးကို ပြန်ကြည့်၊ ဩော် . . . ငါ့မှာ ယနေ့ ကုသိုလ်တရားတွေ ဒါနကုသိုလ်ပြုတယ်၊ အဲဒီ ဒါနကုသိုလ်ဆိုတဲ့ စေတနာလေးသည် ဘယ်မှာပေါ်'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'ဒါဖြင့် မိမိရဲ့ သန္တာန်မှာ ကုသိုလ်တရားလေးကို အားပြုပြီးတော့ အဲဒီကုသိုလ်လေးကို ဆင်ခြင်နေတယ်၊ အဲဒီကုသိုလ်လေးကို စေတနာလေးကို အာရုံပြုတော့ စိတ်မှာပေါ်ပြီး ဘယ်မှာချုပ်'

'စိတ်မှာချုပ်ပါတယ်ဘုရား'

'ဒီကုသိုလ်တရားကော မြင်ရဲ့လား'

'မမြင်ရပါဘူးဘုရား'

'ကုသိုလ်စေတနာလည်း မမြဲပါလားလို့ အသိဉာဏ်လေးလိုက်လိုက်ရင် အဲဒီကုသိုလ်ရဲ့နောက်မှာ ဘာပေါ်လဲမေးတော့ ဉာဏ်ပေါ်တယ်၊ ဘာပေါ်သွားလဲ'

'ဉာဏ်ပေါ်သွားပါတယ်ဘုရား'

'ကုသိုလ်တရားလေးကို ပြုထားတယ်၊ အဲဒီကုသိုလ်မှာလည်း ကုသိုလ်အစကို သီလနဲ့စင်ကြယ်အောင် လုပ်ထားတယ်၊ အခုစင်ကြယ်အောင်လုပ်ဖို့ ကုသိုလ်ဘဝလေးနဲ့ ကိုယ်က အားကောင်းအောင် လုပ်ထားတယ်၊ ဒါကိုစင်ကြယ်အောင်လို့လုပ်တာက နိဗ္ဗာန်နဲ့ ထိုက်တန်အောင်လို့၊ ဒါကြောင့်မို့လို့ နိဗ္ဗာန်နဲ့ထိုက်တန်တဲ့ကုသိုလ်ကိုရဖို့အတွက်က အဲဒီကုသိုလ်တရားလေးကို ပြန်အကဲခတ်တော့ စိတ်မှာပေါ်ပြီး စိတ်မှာချုပ်နေတာ၊ စေတနာကအပျက် အဲဒီဘက်က သိတဲ့ဉာဏ်ကမဂ်၊ ဒီလိုသွားနေတဲ့အတွက် ဟောဒီကုသိုလ်အပေါ် အားရကြည်နူးပြီးတော့မှ လူချမ်းသာတောင့်တဖို့ကော လာသေးလား'

'မလာပါဘူးဘုရား'

www.burmeseclassic.com

www.burmeseclassic.com



'နတ်ချမ်းသာအလိုရှိတဲ့သဘောတွေကော ပါသေးလား'

'မပါပါဘူးဘုရား'

'ဘယ်သူပေါ်နေတာလဲ ဉာဏ်ပေါ်နေတာ၊ အဲဒီဉာဏ်လေးက ဟောဒီကုသိုလ်လေးပြုမှုအပေါ်မှာ အာရုံလေးစိုက်ပြီးတော့ ပေါ်သမျှ အရှုခံတွေကို အသိကပ်ထားတဲ့အတွက်ကြောင့်မို့လို့ အဝိဇ္ဇာလည်း မအုပ်ချုပ်တော့ဘူး၊ တဏှာလည်းပဲ မလာတော့ဘူး၊ အဲဒီလို အဝိဇ္ဇာ အုပ်ချုပ်မှု တဏှာရဲ့ဦးစီးမှုကနေပြီးတော့ လွတ်မြောက်နေတဲ့ အခိုက် အတန့်လေးသည် ဒီကုသိုလ်အပေါ်မှာ ဉာဏ်ဦးစီးထားတဲ့အတွက် ကုသိုလ်စင်ကြယ်မှုလေး မရသွားဘူးလား'

'ရသွားပါတယ်ဘုရား'

'ဘယ်လောက်တောင် စင်ကြယ်လဲမေးရင် ကိလေသာ အညစ် အကြေး ပါကိုမပါတော့ဘူး၊ ပါသေးလား'

'မပါပါဘူးဘုရား'

'ကိလေသာ အညစ်အကြေးတွေ မပါတဲ့အတွက်ကြောင့်မို့လို့ သမုဒယသစ္စာကော မပယ်ထားဘူးလား'

'ပယ်ထားပါတယ်ဘုရား'

'အဖိုးတန်လိုက်တဲ့ကုသိုလ်ပါလားတဲ့၊ သမုဒယသစ္စာကို ပယ်နိုင်တဲ့ ကုသိုလ်မျိုးသည် ဉာဏ်ဦးစီးတဲ့ ကုသိုလ်၊ သမုဒယသစ္စာကို ပယ်နိုင်မှ တော့ အနာဂတ်သံသရာ ဒုက္ခပေးဦးမလား'

'မပေးတော့ပါဘူးဘုရား'

'မပေးရင် ဘာပဲရမယ်၊ နိဗ္ဗာန်၊ ဒါဖြင့် နိဗ္ဗာန်နဲ့ ထိုက်တန်တဲ့ ကုသိုလ်ပေါ့'

'မှန်ပါဘုရား'



'နိဗ္ဗာန်နဲ့ထိုက်တန်တဲ့ကုသိုလ်ဆိုတာ အပြစ်ကင်း မကင်း'

'ကင်းပါတယ်ဘုရား'

'စင်ကြယ်မှုကော မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'သြော်. . . ငါတို့တစ်တွေသည် ကုသိုလ်ရဲ့အစကိုလည်း ပိုင်နိုင် အောင် လုပ်တယ်၊ ကုသိုလ်ကိုလည်း စင်ကြယ်အောင်လုပ်မယ်ဆိုပြီးတော့ တရားစခန်းကို ကိုယ့်ရဲ့ ရောက်ရှိလာတဲ့အချိန်အခါလေးမှာ ကိုယ့်ခန္ဓာမှာ ပဲကိုယ် မပြတ်မလပ်နဲ့ ကြိုးစားပြီးတော့ ထိုင်လည်းပဲ ရှုတယ်၊ ရပ်လည်းပဲ နှလုံးသွင်းတယ်၊ သွားလည်းပဲ သတိထားပြီးတော့ အသိမပြတ်အောင် ကြိုးစားနေရင် ကုသိုလ်တစ်နေ့တခြား အားမကောင်းဘူးလား'

'ကောင်းပါတယ်ဘုရား'

'စင်ကြယ်မှုကောမရဘူးလား'

'ရပါတယ်ဘုရား'

'အဲဒီလို စင်ကြယ်အောင်လုပ်ပြီးမှ လျှုဒါန်းတဲ့အလှူသည် အနှစ် တွေချည်းပဲ၊ အကာပါအုံးမလား'

'မပါပါဘူးဘုရား'

'ယနေ့ အနှစ်ဆိုတာက နိဗ္ဗာန်နဲ့ထိုက်တန်တာနော်၊ ကုသိုလ်ကို စင်ကြယ်ချင်ရင် ဘာလုပ်ရမယ်'

'ပွားရပါမယ်ဘုရား'

'ဟောဒီခန္ဓာကိုယ်ထဲမှာ ပြနေတဲ့ သတိပဋ္ဌာန်လေးပါး တစ်ပါးပါး ပွား၊ အဲဒီလိုတစ်ပါးပါး ပွားတဲ့ ဝိပဿနာအလုပ်ကော လာမလုပ်ဘူးလား'

'လုပ်ပါတယ်ဘုရား'

'ကဲ. . လုပ်တော့ တစ်နေ့တခြား တိုးပွားနေတော့ ကိလေသာတွေ က အနည်ပေါ်တုန်းက တိမ်ပါးနေခဲ့တုန်းကတော့ အရေးအဝယ်ကြား

www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ နစ်နေတယ်၊ ညစ်နွမ်းနေတယ်၊ ထုပြောနေတယ်၊ အခုအချိန်မှာ ကုသိုလ်လုပ်တဲ့ အချိန်လေးကိုယ်က စခန်းဝင်ဖို့ကြိုးစားနေတော့ (၄)ရက် ဆိုလည်း (၄) ရက်အလျောက် စင်ကြယ်မှုလေး မရဘူးလား'

'ရပါတယ်ဘုရား'

'ကိလေသာရဲ့ ညစ်နွမ်းမှုအောက်ကရော လွတ်မနေဘူးလား'

'လွတ်နေပါတယ်ဘုရား'

'အညစ်အကြေးတွေကိုလည်း တတ်စွမ်းသမျှ ပယ်ရှင်းပြီးသား မဖြစ်ဘူးလား'

'ဖြစ်ပါတယ်ဘုရား'

'အဲဒါလေးသည်ပင် ကိုယ်ရဲ့သန္တာန်မှာ သန့်ရှင်း စင်ကြယ်နေတဲ့ စိတ်လေးမှာ အခုကြည့်စမ်း ဉာဏ်ကနေရာယူလိုက်ပြီ၊ ဉာဏ်က နေရာယူ တော့ ပိုပြီးတော့ စင်ကြယ်သွားပြီ၊ အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဟောဒီ ဉာဏ်က ဘာဉာဏ်လဲမေးတော့ ခန္ဓာက ပြောတဲ့တရားပဲ မြင်တော့တယ်၊ ခန္ဓာက ဘာပြောလဲ ရုပ်ပေါ်ရင် ဖြစ်ပြီးပျက်တတ်တယ်၊ နာမ်ပေါ်ရင် ဖြစ်ပြီးပျက်တတ်တယ်၊ သြော်. . . ဘာတစ်ခုမှ ခိုင်မြဲတာ မရှိဘူးလို့ ပေါ်လာတဲ့တရားလေးက ပြနေ ပြနေတာကို နောက်က ဉာဏ်နဲ့လိုက်ရင် အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ စိတ်ကပိုပြီးတော့ အားကောင်းစင်ကြယ်တာက ဉာဏ်က ဦးစီးထားလို့၊ အဲတော့ ကိလေသာ ဘယ်နေရာလာသေးတုန်း'

'မလာပါဘူးဘုရား'

'ဝင်ခွင့်ကို မရတော့ဘူးနော်'

'မှန်ပါ့ဘုရား'

'ဒါဆိုရင် ကုသိုလ်အစရဲ့ စင်ကြယ်အောင်လုပ်ဆိုတဲ့ ဘုရားရဲ့ တရားတော်နဲ့ ကိုက် မကိုက်'

'ကိုက်ပါတယ်ဘုရား'



'ငါတို့ပြုတဲ့ ကုသိုလ်ကောင်းမှု တန်ဖိုးရှိလိုက်တာ၊ ဘုရားရဲ့ အလိုတော်ကျ ပြုလိုက်နိုင်တာ အဖိုးတန်လိုက်တာလို့ အားရကြည်နူး ဝမ်းမြောက်မှုကော မဖြစ်နိုင်ဘူးလား'

'ဖြစ်နိုင်ပါတယ်ဘုရား'

'ဒီလိုကုသိုလ်မျိုးသည် ဘာနဲ့ထိုက်တန်'

'နိဗ္ဗာန်နဲ့ထိုက်တန်ပါတယ်ဘုရား'

'နိဗ္ဗာန်ကို လိုချင်ရင် ကိုယ်ပြုရမယ့်ကုသိုလ်သည် ဘယ်လိုလုပ် ရမယ်'

'စင်ကြယ်အောင် လုပ်ရပါမယ်ဘုရား'

'ရှင်းသွားပြီလား'

'ရှင်းသွားပါပြီဘုရား'

'မိမိတို့ ရှေးရှေးကကော ကုသိုလ်တွေ မပြုဘူးလား'

'ပြုပါတယ်ဘုရား'

'အခုလိုကော အမှတ်ရှိရှိနဲ့ မလုပ်မိရင် စင်ကြယ်မှာလား'

'မစင်ကြယ်ပါဘူးဘုရား'

'ယနေ့ လုပ်တဲ့ကုသိုလ်ကျတော့ စင်ကြယ်အောင်လုပ်လို့ မရဘူး လား'

'ရပါတယ်ဘုရား'

'ကိုယ်ကိုယ်တိုင်က ဝိပဿနာတရားတွေကို ပွားများနေတဲ့အတွက် ကြောင့် ဒါအခွင့်အရေးပဲ၊ အိမ်ကနေလာပြီး လှူရတဲ့ပုဂ္ဂိုလ်တွေကလည်း ရအောင်လို့ ကြိုတင်ပြီးတော့ တစ်နာရီဖြစ်စေ၊ နာရီဝက်ဖြစ်စေ ရအောင် လာပြီးတော့မှ ခန္ဓာလေးကို ဉာဏ်လေးနဲ့လှည့်ပြီးတော့မှ တရားစမ္မ ထိုင်ပြီးတော့မှ အလှူအတန်းတွေကို ပြုမယ်ဆိုရင် စင်ကြယ်ပြီးသား

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူးလား'

'ဖြစ်ပါတယ်ဘုရား'

'ဒါတွေကို မသိတဲ့အတွက်ကြောင့်မို့လို့ အချိန်လေးတွေကို ကပ်ပြီးတော့မှ ရုတ်ရုတ်နဲ့ကပ်သွား၊ ပြီးရင် ပြန်ပြေးဆိုတော့ ကုသိုလ်တော့ ဖြစ်တာပေါ့၊ ကိုယ်ကိုယ်တိုင်က သီလကို မစောင့်ထိန်းပြန်ရင်လည်းပဲ အစာက လွတ်အုံးမှာ၊ နှလုံးမသွင်းရင်လည်းပဲ စင်ကြယ်ဖို့က မလွယ်ပြန်ဘူး၊ ကုသိုလ်တော့ မပြုဘူးလားမေးတော့ ပြုကြတယ်၊ ဒါကြောင့် ကိုယ်ပြုတဲ့ကုသိုလ်တရားသည် နိဗ္ဗာန်နဲ့ထိုက်တန်တဲ့ ကုသိုလ်ကို ရဖို့ ဆိုတာက ကိုယ်ရှာနေတဲ့ တစ်နေ့တာ သိန်းတစ်ရာနဲ့ ဝယ်လို့ရမလား'

'မရပါဘူးဘုရား'

'သိန်းတစ်ထောင်နဲ့ ဝယ်လို့ရသလား'

'မရပါဘူးဘုရား'

'ဒါပေမယ့် ကိုယ်က အဲဒါကို လိုချင်ပါတယ်ပြောပြီးတော့ သိန်းတစ်ရာနဲ့ သွားပြီးတော့ တိုက်ဆိုင်နေတယ်ဆိုရင် ဒီဘက်ကအရာကို လွှတ်လိုက်တာပဲ၊ ဟိုဘက်ကိုတော့ အရောက်ပြေးတာပဲ၊ အဲတော့ ပြီးပြီးရောပဲ၊ ကဲ. . ဒီဥစ္စာလေးတော့ လှူလိုက်ကြပါ၊ ရှိရာလေးနဲ့ ကပ်လိုက်ကြပါ၊ ဒီလိုမျိုးပြောသွားတဲ့အတွက်ကြောင့်မို့လို့ ငါတို့ ကုသိုလ်တရားတွေသည် နိဗ္ဗာန်တော့လိုချင်တယ် ရလား၊ လွဲသွားလား'

'လွဲသွားပါတယ်ဘုရား'

'ဘာဖြစ်လို့ မစင်ကြယ်လို့၊ ကုသိုလ် ကုသိုလ်စင်ကြယ်အောင်လုပ်ဆိုတဲ့နေရာမှာ နိဗ္ဗာန်နဲ့ ထိုက်တန်အောင်လုပ်ဖို့အတွက်သည် အခုတော့ သုံးမျိုးတွေ့သွားပြီနော်'

'မှန်ပါဘုရား'

'ကုသိုလ်ရယ် အစရယ် စင်ကြယ်အောင်လုပ်ရယ်၊ ပြန်ပြောပါ'

'ကုသိုလ်ရယ် အစရယ် စင်ကြယ်အောင်လုပ်ရယ်ပါဘုရား'



'ဒီသုံးမျိုးသုံးစားကို ပြန်ခွဲလိုက်တော့ ဒီကုသိုလ်ဆိုတာသည် ဘာလေးတုန်း. . ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ ပတ္တိဒါန၊ ပတ္တာနုမောဒနာ၊ ဓမ္မသာဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ၊ ဘယ်နှစ်ခု'

'၁၀ ခုပါဘုရား'

'ကုသိုလ်ကို ပြန်ပြီး မှတ်ထားလိုက်ပါ'

'ဒါန၊ သီလ၊ ဘာဝနာ၊ အပစာယန၊ ဝေယျာဝစ္စ၊ ပတ္တိဒါန၊ ပတ္တာနုမောဒနာ၊ ဓမ္မသာဝန၊ ဓမ္မဒေသနာ၊ ဒိဋ္ဌိဇုကမ္မ အဲဒါကဘာလဲ'

'ကုသိုလ်ပါဘုရား'

'ကုသိုလ်တွေကိုသိသွားပြီ၊ အဲဒီကုသိုလ်တွေရဲ့အစသည် ဘယ်နှစ်ချက် ၊ နံပါတ် (၁) သီလရှိရမယ်၊ နံပါတ် (၂) အယူမှန်ရမယ်၊ သီလစင်ကြယ်ရမယ်၊ အယူမှန်ရမယ်၊ ပြန်ပြောပါ'

'သီလစင်ကြယ်ရမယ်၊ အယူမှန်ရပါမယ်ဘုရား'

'မိမိတို့ ယနေ့ လှူတဲ့အလှူ ယနေ့ ငါတို့ လှူလိုက်ပြီ၊ ယနေ့ (၈) ပါး သီလစောင့်ထိန်းထားတယ်၊ အဲဒီ (၈)ပါးသီလကို ငါသည် မဖောက်ဘူး၊ မပျက်စီးစေရဘူး၊ အဲဒီလိုမျိုး ကိုယ့်ရဲ့သီလအစလေးပေါ်မှာ စောင့်ရှောက်မယ်ဆိုရင် မပျောက်မကျ၊ မကျိုးမပေါက်အောင်လို့ ယနေ့ စောင့်ရှောက်ပြီး လှူလိုက်မယ်ဆိုရင် အစကော မကောင်းဘူးလား'

'ကောင်းပါတယ်ဘုရား'

'ကဲ . . . ကိုယ်က သီလကိုတော့ စောင့်ထိန်းမယ်လို့ပြောပြီးတော့ အဲဒီသီလကို ကိုယ်က ကျိုးပေါက်သွားအောင်၊ ပျက်ပြားသွားအောင် လုပ်လိုက်မယ်ဆိုရင် ကုသိုလ်အစလေး ချို့ယွင်းမသွားဘူးလား'

'ချို့ယွင်းသွားပါတယ်ဘုရား'

'မချို့ယွင်းသွားအောင်တော့ သတိထားနော်၊ အဲဒီတော့ ကုသိုလ်

www.burmeseclassic.com

www.burmeseclassic.com



အစဆိုတာ သီလစင်ကြယ်ရမယ်၊ အယူမှားလို့လည်း မရဘူး၊ အယူကလည်း မှန်ရမယ်၊ ဒါဖြင့် ဘယ်နှစ်ချက်'

'(၂) ချက်ပါဘုရား'

'ဒါလည်း သိသွားပြီ၊ အဲဒီကနေပြီးတော့မှ ပြည့်စုံအောင် ဖြည့်ဆည်းပြီးသွားရင် ဘာလုပ်ရဦးမယ်၊ စင်ကြယ်အောင် လုပ်ရမယ်၊ ဘာလုပ်ရမယ်'

'စင်ကြယ်အောင် လုပ်ရပါမယ်ဘုရား'

'စင်ကြယ်အောင်လုပ်ဆိုတာက ဘာကိုလုပ်ခိုင်းတာ၊ သတိပဋ္ဌာန်လေးပါးကို တစ်ပါးပါးပွား၊ ဟောဒီခန္ဓာကိုယ်နဲ့ စပ်ပြီးတော့ နာတာ ကျင်တာ ကိုက်တာ ခဲတာတွေ စူးတာ အောင့်တာ တုန်တာ ခုန်တာ ဖောက်ပြန်တဲ့အရှုခံသည် ဘာတရား'

'ရုပ်တရားပါဘုရား'

'သူ ပေါ်တိုင်း ပေါ်တိုင်း သိနေရင် အရှိနဲ့ အသိကိုက်လိုက်တယ်၊ ဟောဒီသိတဲ့ အသိလေးရဲ့အောက်မှာ အရှိတရားက ပြပါတယ်၊ ပေါ်တဲ့နေရာမှာ ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက်၊ ပေါ်လိုက် ပျောက်လိုက်နဲ့ ပြနေတဲ့ မမြဲမှုလေးကိုမြင်ရင် ကာယာနုပဿနာကို ကောင်းစွာ ရှုတတ်သွားတယ်၊ အဲဒီလို ရှုတတ်သွားတဲ့အတွက် အရှိနဲ့ အသိကိုက်တော့ကော ကိုယ့်စိတ်လေးမှာ ဉာဏ်က ဦးစီးမနေဘူးလား'

'ဦးစီးနေပါတယ်ဘုရား'

'ဦးစီးနေတဲ့အတွက် ဒီကုသိုလ်ပေါ်မှာ ကိလေသာအညစ်အကြေး ပါသေးလား'

'မပါပါဘူးဘုရား'

'ကဲ. . . ဘယ်လောက်စင်ကြယ်လဲ၊ အလွန်ကို စင်ကြယ်သွားတယ်၊ ကိလေသာအညစ်အကြေးတွေ မရှိတော့ဘူး၊ မရှိတာက အဝိဇ္ဇာ



ကို ဝိဇ္ဇာဉာဏ်က ထွင်းဖောက်ထားတယ်၊ ဟောဒီမှာ ဒုက္ခတွေရဲ့သဘောကို သိနေတဲ့အတွက်ကြောင့်မို့လို့ လိုချင်တဲ့တဏှာကလည်း လာခွင့်မရဘူး၊ ဒါကြောင့်မို့လို့ စင်ကြယ်တဲ့သဘောက ဉာဏ်ဦးစီးတာလေးက မပြဘူးလား၊ ပြလား'

'ပြပါတယ်ဘုရား'

'ကာယာနုပဿနာက ထင်ရှားရင် ကာယာနုပဿနာကို အာရုံပြု၊ တကယ်လို့ ကိုယ်က အဲဒီဟာလေးမှာ အခုလိုနာကြားနေတော့ ကိုယ့်ရဲ့ လှူရတဲ့အလှူလေးကို အာရုံပြုပြီး ဝမ်းသာနေမယ်၊ ဝမ်းသာရင် ဘာတရား'

'ဝေဒနာပါဘုရား'

'အဲဒီဝမ်းသာ ဝမ်းသာတဲ့ တရားလေးကိုလည်း ဒီအတိုင်းထားရမှာလား၊ နှလုံးသွင်းရမှာလား'

'နှလုံးသွင်းရမှာပါဘုရား'

'အဲဒီဝမ်းသာတဲ့ဝေဒနာလေး ဘယ်မှာပေါ်'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'ကြည့်လိုက်စမ်းပါ ဒီအာရုံလေးပြောလို့သာ သူက အာရုံလေးပြုပြီးတော့ ဝမ်းသာ ဝမ်းသာနေတာက တစ်ခုပြီးတစ်ခု ပြနေတာ၊ အဲဒီအကြောင်းတရားလေး ရှိခိုက် ရှိခိုက်ကိုပြသလို အကြောင်းတရားလေးကလည်း ကုန်သွား ကုန်သွားရင် ဝမ်းသာတာလေး မချုပ်သွားဘူးလား'

'ချုပ်သွားပါတယ်ဘုရား'

'သြော် . . . ဒီဝမ်းသာတာလေးကလည်း ဖြစ်လိုက်၊ ပျက်လိုက်ပါလို့ မမြဲတဲ့သဘောလေးကို ကိုယ်ကလှူတိုင်းလေးမှာ ဝမ်းသာတာကိုလည်း အလွတ်မပေးဘဲနဲ့ နှလုံးသွင်းပြီးတော့ ဉာဏ်ဦးစီးတဲ့အသိနဲ့ လိုက်မယ်ဆိုရင် ကိလေသာသေနေတယ်၊ ကိလေသာသေတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဒီအလှူ မစင်ကြယ်ဘူးလား'

'စင်ကြယ်ပါတယ်ဘုရား'

'ဒီလိုမှ မဟုတ်ဘဲ ဝမ်းသာစရာလေးကို အားရကြည်နူးနေရင် ညစ်နွမ်းသွားမယ်၊ ဝမ်းသာတဲ့သဘောလေးကို ကိုယ်က သဘောကျရင် လောဘမလာဘူးလား'

'လာပါတယ်ဘုရား'

'လောဘလာရင် ဒီပုဂ္ဂိုလ် စင်ကြယ်သေးလား'

'အခုတော့ လောဘတရားကို လာခွင့်မရအောင် ဝမ်းသာတာလေးကလည်း ကိုယ့်စိတ်မှာ ပေါ်ပြီး စိတ်မှာချုပ်နေတာ မှန်ကောမှန်ရဲ့လား'

'မှန်ပါတယ်ဘုရား'

'အဲဒါလေးကို သိလိုက်တဲ့အတွက်ကြောင့် ဟောဒီဉာဏ်က ဝေဒနာလေးကို ရှုလိုက်တော့ ဝမ်းသာတာလည်း ပျက်သွားပြီ၊ နောက်တစ်ခါဝမ်းသာတာလည်း ကြည့်လိုက်တော့ မရှိတော့ဘူး၊ အဲဒီဝမ်းသာတဲ့ စိတ်သဘောလေးကလည်း ဖြစ်လိုက် ပျက်လိုက်ဆိုတော့ ဝေဒနာလေးကအပျက်၊ သိတဲ့ဖြစ်တဲ့ဉာဏ်ကမဂ် ကုသိုလ်မစင်ကြယ်ပြန်ဘူးလား'

'စင်ကြယ်ပါတယ်ဘုရား'

'အဲဒီစင်ကြယ်တဲ့ ကုသိုလ်သည် ကိလေသာကို ပယ်သတ်တဲ့အတွက် ဘယ်ရောက်မလဲ နိဗ္ဗာန်၊ ဘာစင်ကြယ်လို့'

'ကုသိုလ်စင်ကြယ်လို့ပါဘုရား'

'အဲဒီလိုနဲ့ ကိုယ်က အာရုံလေးပြုပြီးတော့ ကိုယ့်ရဲ့အလှူလေးကို သိနေတဲ့၊ ဩော် . . . ငါဒီနေ့ လှူရတာ တယ်ပြီးတော့ အားရစရာကောင်းတာပဲ၊ ကြည်နူးစရာကောင်းတာပဲလို့ ဒီအားရပုံတွေ ကြည်နူးပုံတွေကို နောက်ကနေသိနေတယ်၊ အသိစိတ်လေးကိုလည်း ပြန်ကြည့်လိုက်တော့ ငါလည်းမဟုတ်၊ သူလည်းမဟုတ် စိတ်ကသိတာပဲ၊ ဒီစိတ်



လည်းပဲ မြသလားကြည့်လိုက်တော့ နောက်ဉာဏ်က အကဲခတ်တော့ ရှေ့စိတ်က ပျောက်သွားပြန်ပြီ၊ နောက်ဉာဏ်က အကဲခတ်တော့ သိတဲ့စိတ်လေးက ပျောက်သွားပြန်ပြီ၊ ဒါဖြင့် ရှေ့စိတ်ကအပျက်၊ နောက်စိတ်က မဂ်၊ ဒါဆိုရင် ကိုယ့်ရဲ့သန္တာန်မှာ ဉာဏ်ဦးစီးမသွားပြန်ဘူးလား'

'ဦးစီးသွားပါတယ်ဘုရား'

'စိတ်ကို ရှုပြန်တော့လည်း နောက်ဉာဏ်လေးကကိန်းတဲ့အတွက်ကြောင့်မို့လို့ အပြစ်ကင်းမသွားဘူးလား'

'ကင်းသွားပါတယ် ဘုရား'

'ကိလေသာလာသေးလား'

'မလာပါဘူးဘုရား'

'ယနေ့ တရားဝင် တရားအားထုတ်ပြီးတော့ လှူကြတယ်ဆိုတာ ကုသိုလ်စင်ကြယ်အောင် လုပ်တာပဲ၊ ယနေ့ မိမိတို့ လှူဒါန်းတဲ့အလှူသည် အားရ ကြည်နူးစရာကောင်းလောက်အောင် စင်ကြယ်တဲ့ကုသိုလ်ပါလား ဆိုတော့ အပြစ်ကင်းတာက ကိလေသာတွေ လာခွင့်မရတော့ သမုဒယကို ပယ်သတ်နိုင်တာသည် ရှင်းသွားပြီ၊ သမုဒယသေရင် ဘာမလာဘူး ဒုက္ခ၊ ဘာမလာဘူး'

'ဒုက္ခမလာပါဘူးဘုရား'

'ဒုက္ခမလာရင် ဒီနေရာမှာ ဘာလာမလဲ'

'နိဗ္ဗာန်လာပါမယ်ဘုရား'

'ဒါဖြင့် နိဗ္ဗာန်နဲ့ထိုက်တန်တဲ့ကုသိုလ်ဆိုရင် မမှန်ဘူးလား'

'မှန်ပါတယ်ဘုရား'

'စင်ကြယ်တဲ့ ကုသိုလ်၊ ဘာနဲ့ထိုက်တန်'

'နိဗ္ဗာန်နဲ့ ထိုက်တန်ပါတယ်ဘုရား'

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ ယနေ့ပြုတဲ့ ကုသိုလ်၊ ဘာနဲ့ထိုက်တန်တဲ့ ကုသိုလ်'

'နိဗ္ဗာန်နဲ့ ထိုက်တန်တဲ့ ကုသိုလ်ပါဘုရား'

'ရှေးရှေးက ပြုခဲ့တဲ့ကုသိုလ်တွေ နိဗ္ဗာန်ကိုကော မတောင့်တဘူးလား'

'တောင့်တပါတယ်ဘုရား'

'အခုလို သတိထားပြီး စင်ကြယ်အောင် လုပ်ခဲ့သလား'

'မလုပ်ခဲ့ပါဘူး ဘုရား'

'နိဗ္ဗာန်မရတာ ရှင်းသွားပြီ၊ နိဗ္ဗာန်မရတာ ဘာမစင်ကြယ်လို့'

'ကုသိုလ်မစင်ကြယ်လို့ပါဘုရား'

'အခု နိဗ္ဗာန်ကိုရချင်ရင် ဘာစင်ကြယ်အောင် လုပ်မယ်'

'ကုသိုလ်ကို စင်ကြယ်အောင်လုပ်ပါမယ်ဘုရား'

'ရှင်းသွားပါပြီတဲ့၊ ကုသိုလ်စင်ကြယ်အောင်လုပ်ဆိုတော့ ယနေ့ လှူဒါန်းကြတဲ့အလှူရှင် မိသားစုတွေက ကိုယ့်ရဲ့သန္တာန်မှာ ကုသိုလ်တွေကို စင်ကြယ်အောင်လုပ်လိုက်ပြီးတော့မှ အလှူခံပုဂ္ဂိုလ်ကောင်းတွေနဲ့ ကြုံခိုက်မှာ လယ်ယာမြေကောင်းမှာ မျိုးစေ့ကောင်းလေး ကြဲချလိုက်တဲ့ အတွက်ကြောင့်မို့လို့ ကိုယ့်အတွက်လည်း သံသရာမှာစိတ်ချရမှာက နိဗ္ဗာန်တိုင်အောင်လည်း လမ်းပွင့်သွားသလို အားကိုးလာတဲ့ ရည်စူးခံရတဲ့ ပုဂ္ဂိုလ်တွေမှာလည်းပဲ ဒီကုသိုလ်ရဲ့ စင်ကြယ်မှုကိုသာ အမျှဝေလို့ သာဓု ခေါ်လိုက်ရရင် သူတို့လည်းပဲ သာယာကြည်နူးစရာကောင်းလောက်အောင်ကို မလွတ်သွားဘူးလား'

'လွတ်သွားပါတယ်ဘုရား'

'ကယ်တယ် ကယ်တယ်ဆိုတာ စင်ကြယ်အောင်လုပ်ပြီး ကယ်တာ အကောင်းဆုံးပဲနော်၊ ကိုယ့်ကိုယ်ကိုလည်း ဖြည့်ဆည်းတဲ့နေရာမှာ စင်ကြယ်အောင်လုပ်ပြီးတော့မှ ဖြည့်ဆည်းတယ်ဆိုရင် မကောင်းဘူးလား'



'ကောင်းပါတယ်ဘုရား'

'ဘာကို စင်ကြယ်ရမယ်'

'ကုသိုလ်ကို စင်ကြယ်ရပါမယ်ဘုရား'

'ဒါဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လိုရင်းတိုရှင်း ဟောပေးလိုက်တယ်၊ ဒီတရားလေးကို ယနေ့ သူတော်စင်များကို နားလည်အောင် အကျယ်ချဲ့ပြီးဟောလိုက်တော့ ကိုယ့်သန္တာန်မှာ သိလိုက်ရတဲ့အသိဟာ အကာကင်းတဲ့ ဘာတဲ့တုန်း'

'အနှစ်ပါဘုရား'

'အနှစ်တရားလေး မနာရဘူးလား'

'နာရပါတယ်ဘုရား'

'ယနေ့ရလိုက်တဲ့ သူတော်စင်များနဲ့ အလှူရှင်တွေလည်း ပြန်ကြည့်လိုက်တာ အနှစ်တွေ စုသွားတာသည် ကျေနပ်စရာမကောင်းဘူးလား'

'ကောင်းပါတယ်ဘုရား'

'အေး . . . ဒီကတစ်ဆင့်ပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့မှ ပီတိတရားတွေကို ကိုယ့်စိတ်မှာပေါ်ပြီး ဒါလည်းချုပ်ပါလားဆိုတာကို အမြဲမပြတ် နှလုံးသွင်းမယ်ဆိုရင် စင်ကြယ်သထက် စင်ကြယ်တဲ့ ကုသိုလ်က ကိုယ်နဲ့ထိုက်တန်တဲ့နိဗ္ဗာန်ကို ချက်ချင်း လက်ငင်းကော မရောက်နိုင်ဘူးလား'

'ရောက်နိုင်ပါတယ်ဘုရား'

'ကဲ . . ရနိုင် ရောက်နိုင်အောင် လှူနိုင်ကြပါစေလို့ တိုက်တွန်းရင်းပဲ တရားပွဲကို အဆုံးသတ်ပါ့မယ်'

သာဓု . . . သာဓု . . . သာဓု

www.burmeseclassic.com

www.burmeseclassic.com

"စင်ကြယ်တဲ့ကုသိုလ် နိဗ္ဗာန်နဲ့ထိုက်တန်သည်" တရားတော်ကို
မောင်ဇေယျာဦး၊ မအေးအေးမော် (မောင်နှမနှစ်ဦး)
မြို့ဦးရပ်၊ မကွေးမြို့မှ
ဆရာတော်၏ အသံတော်တရားမှ စာအဖြစ် ကူးယူရေးသား
ပူဇော်ပေးပါသည်။

ဆရာတော် သက်တော်ထင်ရှားရှိစဉ်က ဖခင်ကြီးရဲ့ (၉)နှစ်ပြည့် ရည်စူးကုသိုလ်ပြုပွဲ (၁၄. ၄. ၂၀၀၈) မှာ ဟောကြားပေးခဲ့တဲ့ . . .

"စင်ကြယ်တဲ့ကုသိုလ် နိဗ္ဗာန်နဲ့ထိုက်တန်သည်" ဆိုတဲ့ တရားတော်လေးကို

အခု . . . ဖခင်ကြီးရဲ့ (၁၂) နှစ်ပြည့် ရည်စူးကုသိုလ်ပြုပွဲ မှာ အမှတ်တရအနေနဲ့ ဆရာတော်ရဲ့အသံတော်တရားမှ စာအဖြစ် ကူးယူရေးသား ထုတ်ဝေ ကျေးဇူးဆပ် ပူဇော် ဦးခိုက်လိုက်ရပါတယ်။

အသက်နဲ့ခန္ဓာ မြဲနေသရွေ့လည်း ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့ရဲ့ကျေးဇူးကို နိဗ္ဗာန်နဲ့ထိုက်တန်တဲ့ စင်ကြယ်တဲ့ကုသိုလ်ကောင်းမှုတွေကို ထပ်ခါထပ်ခါ သက်ဆုံးတိုင်ပြုရင်း . . .

ကျေးဇူးဆပ်သွားပါမည်ဟု သစ္စာပြုပါကြောင်း . . .။

မိခင်ကြီး ဒေါ်ခင်ထွေး အား အမှူးထား၍
သားသမီးမောင်နှမတစ်စု
သမင်ငါးကောင်စတိုး၊ မြို့မဈေးကြီး၊
မကွေးမြို့။
၁၄. ၄. ၂၀၁၁


ဆရာတော်အရှင်ပုညာနန္ဒ၏ သာသနာပြုလုပ်ငန်းများကို

ခမည်းတော် ဘဒ္ဒန္တဝိစာရ
မှ
ဆက်လက်ဆောင်ရွက်

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ ဦးစီးပဓာန နာယက၊ ပြည်တွင်းပြည်ပ နယ်လှည့်သာသနာပြု ဓမ္မကထိက၊ ဗဟုဇနဟိတရေ ဆရာတော် အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်များစာအုပ်, တိပ်, CD, VCD, DVD များအား သာကေတမြို့နယ်၊ (၉) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်တွင် ဝယ်ယူရရှိနိုင်ပါသည်။

လစဉ် အင်္ဂလိပ်လဆန်း (၁၃) ရက်နေ့တိုင်း (၁၀) ရက် တရားစခန်းများကိုလည်း ပုံမှန် ဖွင့်လှစ်ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယ ဓမ္မကထိကများမှ အလှည့်ကျ ဟောပြောပြသမည်ဖြစ်ရာ၊ ဆရာတော် ပျံလွန်တော်မူပြီးသည့်နောက်ပိုင်း ဆရာတော် ဆောင်ရွက်တော်မူခဲ့သော သာသနာပြုလုပ်ငန်းများကို ခမည်းတော် ဘဒ္ဒန္တဝိစာရ နှင့် တပည့်သာဂကများမှ ဆက်လက်တာဝန်ယူ ဆောင်ရွက်နေပါသည်။

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်
နဝရတ်လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
☎ - ၅၅၃၃၃၀၊ ၅၅၁၀၇၂


www.burmeseclassic.com